Vol.1., Issue 13

# The Strategy First Times

April 25, 2016 ၁၃၇၇ ခု၊ တန်ခူးလပြည့်ကျော် (၃) ရက်နေ့၊ တနင်္လာနေ့ နှစ်ပတ် / တစ်ကြိမ်




သတင်းကောင်း

## British Council မှ Institute of Commercial Management ICM (UK) စာမေးပွဲများကို ဆက်လက်စစ်ဆေးပေးသွားမည်

British Council မှ Institute of Commercial Management ICM (UK) စာမေးပွဲများကို ဆက်လက်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းကို ကြေညာအပ်ပါသည်။ **STRATEGY FIRST** မှ ဇွန်လ စာမေးပွဲကြေးသွင်းထားသူများအနေဖြင့်လည်း မူလအစီအစဉ်အတိုင်း အခက်အခဲမရှိ ဆက်လက်ဖြေဆိုနိုင်မည်ဖြစ်ပါသည်။

စိစစ်ပြီးနောက် ICM စာမေးပွဲများကို ဆက်လက်စစ်ဆေးပေးရန် သဘောတူညီသည့် British Council ရုံးချုပ်အားလည်းကောင်း၊ လန်ဒန်ရှိ British Council ရုံးချုပ်ကို သက်သေခံစာရွက်စာတမ်း အထောက်အထားများ ပေးပို့ဆောင်ရွက်ပေးသော UK ရှိ Institute of Commercial Management ၏ဥက္ကဋ္ဌ Mr. Adair Ford အားလည်းကောင်း၊ ICM နှင့် Strategic Partner ဖြစ်ကြောင်း ကူညီဖြေကြားပေးကြသည့် UK တက္ကသိုလ်များမှ တာဝန်ရှိသူများအားလည်းကောင်း၊ ကိစ္စရပ်များတွင် **STRATEGY FIRST** ကို ကူညီဝိုင်းဝန်းကြသော နာယကကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား/သူ ဟောင်း၊သစ်များ အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။ စာ - ၂ သို့

၂၀၁၅ ဧပြီလတွင် ဦးအောင်ချစ်ခင် (Principal-**STRATEGY FIRST**) မှ UK Ringwood ရှိ ICM ရုံး (ဟောင်း) သို့ သွားရောက်လည်ပတ်ခဲ့စဉ်က Mr. Adair Ford (Chairman of ICM)၊ Ms. Tammy Lee (Examination Officer) နှင့် Ms. Elaine Campbell (Executive Administrator) တို့နှင့်အတူတွေ့ရစဉ်

စာ - ၁၁ သို့

## The New Shop Floor Management

ယခုအပတ် စာဖတ်ပရိသတ်များကို မိတ်ဆက်ပေးချင်တဲ့စာအုပ်ကတော့ နှစ်သစ်မှာ လုပ်ငန်းသစ်လုပ်လိုသူများနဲ့ လက်ရှိစီးပွားရေးလုပ်နေတဲ့ လုပ်ငန်းရှင်များ လုပ်ငန်းခွင်မှာကြုံတွေ့နေရတဲ့လုပ်ငန်းများကို နှောင့်နှေးစေတဲ့ ပြဿနာတွေကို ဖြေရှင်းရမယ့် နည်းလမ်းများကို ဖော်ပြထားတဲ့ Kiyoshi Suzaki ရဲ့ ခေတ်သစ်လက်တွေ့လုပ်ငန်းခွင်စီမံခန့်ခွဲမှု – The New Shop Floor Management စာအုပ် ဖြစ်ပါတယ်။




MOVIE REVIEW စာ - ၆ သို့

## London Has Fallen




THINKER'S PROFILE စာ - ၁၁ သို့

## Abraham Maslow



စာ - ၉ သို့

## အလုပ်ခွင်ထဲမှာ သူဌေးတွေ ဘယ်တော့မှ တွေ့ချင်မှာမဟုတ်တဲ့ အကျင့်ဆိုးခုနှစ်ခု

စီးပွားရေးလုပ်ငန်းတစ်ခုမှာဝင်ရောက်ဦးစီးလုပ်ကိုင်ဖို့ အကြောင်းဖန်လာခဲ့ပြီဆိုရင်တော့ အလုပ်တစ်ခုမှာ “ဘယ်လိုအကြောင်းအချက်တွေက အလုပ်မဖြစ်ဘူး၊ အလုပ်မပြီးဘူး” ဆိုတာနဲ့ပတ်သက်ပြီးတော့ သင့်အနေနဲ့ မတူညီတဲ့ နည်းလမ်းသုံးခုနဲ့ ချိန်ထိုးစဉ်းစားကြည့်နိုင်ပါတယ်။ ပထမတစ်ခုအနေနဲ့ ဝန်ထမ်းတစ်ဦးဟာ ရုံးမှာ အမြဲတမ်းပဲ ရှင်ပြတက်ကြွနေတယ်ဆိုရင်တော့ သူဟာ အလုပ်ထဲမှာတကယ့်ကိုအလုပ်ကိုပြီးမြောက်အောင်လုပ်တတ်မှာပဲလို့ သင်တွေးမိမှာပဲဖြစ်ပြီးတော့ တကယ်တမ်း သူ အလုပ်ဖြစ်အောင် လုပ်နိုင်သလား။



ICM
The Institute of Commercial Management

# ကျေးဇူးတင်လွှာ

မင်္ဂလာပါခင်ဗျာ

British Council မှ Institute of Commercial Management ICM (UK) စာမေးပွဲများကို ဆက်လက် စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းကို ကြေညာအပ်ပါသည်။

**Strategy First** မှ ဇွန်လ စာမေးပွဲကြေးသွင်းထားသူများအနေဖြင့်လည်း မူလအစီအစဉ်အတိုင်း အခက်အခဲမရှိ ဆက်လက်ဖြေဆိုနိုင်မည်ဖြစ်ပါသည်။

စိစစ်ပြီးနောက် ICM စာမေးပွဲများကို ဆက်လက်စစ်ဆေးပေးရန် သဘောတူညီသည့် British Council ရုံးချုပ်အားလည်းကောင်း၊ လန်ဒန်ရှိ British Council ရုံးချုပ်ကို သက်သေခံစာရွက်စာတမ်း အထောက်အထားများ ပေးပို့ဆောင်ရွက်ပေးသော UKရှိ Institute of Commercial Management ၏ ဥက္ကဋ္ဌ Mr. Adair Ford အားလည်းကောင်း၊ ICM နှင့် Strategic Partnerဖြစ်ကြောင်းကူညီဖြေကြားပေးကြသည့် UK တက္ကသိုလ်များမှ တာဝန်ရှိသူများအားလည်းကောင်း၊ ကိစ္စရပ်များတွင် **Strategy First** ကို ကူညီဝိုင်းဝန်းကြသော နာယကကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား/သူ ဟောင်း၊သစ်များ အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံမှ Professional မန်နေဂျာများ၏ Career Development ကို များစွာ အထောက်အကူပြုနေသော Institute of Commercial Management, UK ၏ လိုအပ်သလောက်သာရွေးချယ်သင်ယူနိုင်သော အရည်အသွေးပြည့်ဝသည့် Single Subject Diploma သင်တန်းများကို **Strategy First** တွင် ဆက်လက်ဖွင့်လှစ်သွားပါမည်။

**လေးစားစွာဖြင့်**
**အောင်ချစ်ခင် (MD) နှင့်**
**Strategy First အဖွဲ့သားများ**

Institute of Commercial Management (ICM) သည် ၁၉၇၉မှစတင်၍ Ringwood, England တွင် Education Charity အဖြစ် မှတ်ပုံတင်ထားသော Commercial နှင့် Business Development Manager များ၏ အမြတ်မယူသော ပညာရှင်အသင်းဖြစ်ပါသည်။ အသင်းဝင် Professional မန်နေဂျာများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သော ပညာရပ်ဆိုင်ရာ ပံ့ပိုးမှုများကို ဆောင်ရွက်နေပြီး စဉ်ဆက်မပျက် လေ့လာခြင်းကိုကူညီဆောင်ရွက်ပေးနေပါသည်။

ICM သည် နိုင်ငံတကာအဆင့် စီးပွားရေး နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်ရိုးညွှန်းတမ်း ၁၇၄ ခုကို စီစဉ်ပေးကာ **Strategy First** ကဲ့သို့ အသိအမှတ်ပြု ကျောင်းများမှ တစ်ဆင့်နိုင်ငံပေါင်း၁၃၀ကျော်ရှိကျောင်းသား၊ ကျောင်းသူများကို ပညာများဖြန့်ဝေပေးလျက်ရှိပါသည်။

ထိုကျောင်းသားများကို UK မှ တက္ကသိုလ် ဆရာ/မ examiner များနှင့် ပူးပေါင်းကာ စာမေးပွဲများစစ်ဆေးပေးပြီး နိုင်ငံတကာ အသိအမှတ်ပြု Professional လက်မှတ်များကို Independent Awarding Body တစ်ခု အဖြစ် နှစ်ပေါင်း ၃၀ ကျော်ကြာ ချီးမြှင့်ပေးနေပါသည်။

ICMတွင် Quality Assurance Agency for Higher Education (QAA, UK) ရရှိထားသော UK တက္ကသိုလ်ကြီး (၁၅) ခုတွင် ပညာဆက်လက်ဆည်းပူးနိုင်သော Diploma များရှိသလို Professional များ ဘဝလမ်းကြောင်း တိုးတက်ရေးအတွက် လိုအပ်ချက်အလိုက် သင်ယူနိုင်သော Single Subject Diploma များလည်း ရယူနိုင်ပါသည်။

နှစ်ပေါင်း ၃၀ ကျော်အတွင်း ကမ္ဘာအနှံ့ ကျောင်းသား/သူ တစ်သိန်းကျော်ကို Single Subjectဘာသာရပ်များပေးအပ်ခဲ့ပြီဖြစ်ပါသည်။

**Strategy First** သည် ၂၀၁၀ မှ စတင်၍ ICM ၏မြန်မာနိုင်ငံတွင် ပထမဆုံး အသိအမှတ်ပြု ကျောင်းဖြစ်လာခဲ့ပါသည်။ **Strategy First** မှ ICM သင်တန်းများသည် အလုပ်တစ်ဖက်၊ မိသားစုတာဝန်တစ်ဖက်နှင့်မအားလပ်ကြသော လုပ်ငန်းခွင်မှအရာရှိများအတွက်နိုင်နိုင်နင်းနင်း သင်ယူနိုင်ပြီးလုပ်ငန်းခွင်တွင်လည်းအထူးအသုံးဝင်သောကြောင့် နှစ်သက်သူများပြားလာခဲ့ပါသည်။ UKမှတိုက်ရိုက်စစ်ဆေးပေးခြင်းကြောင့် လက်မှတ်ရရှိထားသူများကို မြန်မာနိုင်ငံရှိ ကမ္ဘာနှင့် မြန်မာ့လုပ်ငန်းကြီးများမှလည်း အသိအမှတ်ပြုကြပါသည်။ ICM စာမေးပွဲအောင်ချက်မှာ ဘာသာရပ်ပေါ်မူတည်၍ ၃၀% မှ ၇၀% အထိသာရှိပါသည်။

## Strategy First Institute အကြောင်း

**Strategy First Institute** ကို စီးပွားရေးနှင့်စီမံခန့်ခွဲမှုပညာရပ်များကို ဖြန့်ဝေခြင်းဖြင့် မြန်မာနိုင်ငံသူနိုင်ငံသားများ၊မြန်မာ့လုပ်ငန်းများ ကမ္ဘာ့အဆင့် ယှဉ်ပြိုင်နိုင်ရန်၊ မြန်မာ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် နလုံးသွင်းဆောင်ရွက်နေပါသည်။

**Strategy First** ၏တန်ဖိုး (၃)ခုမှာ - (၁) ထိရောက်သော စဉ်ဆက်မပျက် လေ့လာသင်ယူမှု၊ (၂) ကောင်းမွန်သော ဝန်ဆောင်မှုနှင့် (၃) တိုးတက်မှုအတွက် ငွေကြေးအကျိုးအမြတ်တို့ဖြစ်ပါသည်။ ထိုတန်ဖိုး (၃)ခုကို **Strategy First**၏ကျောင်းသား/သူများ၊ဆရာ/မကြီးများ၊ ဝန်ထမ်းများ၊ အိမ်နီးချင်း၊ အများပြည်သူနှင့် အစိုးရအားလုံးခံစားရစေရန် ဦးတည်ဆောင်ရွက်ပါသည်။

**Strategy First** တွင် မြန်မာနိုင်ငံမှ အရာရှိများ၊ လုပ်ငန်းရှင်များနှင့် သင့်တော်အောင် ကိုယ်ပိုင်ဖန်တီးထားသော သင်တန်းများအပြင် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့်လည်းပူးပေါင်းသင်ကြားပေးလျက်ရှိပါသည်။

လုပ်ငန်းခွင်မှ ဘွဲ့ရပြီး အရာရှိများအတွက် Institute of Commercial Management (ICM, UK) အပြင် UK တွင် စီးပွားရေးဘွဲ့ရသည်အထိပညာဆက်လက်သင်ယူလိုသူများအတွက် NCC Education မှ Ofqual အသိအမှတ်ပြု ဒီပလိုမာများ၊ ဈေးကွက်ပညာဆိုင်ရာ ကမ္ဘာ့အကြီးဆုံးအသင်းကြီးဖြစ်သော Charted Institute of Marketing (CIM)၏ဈေးကွက်ပညာဆိုင်ရာဂုဏ်သိက္ခာအမြင့်မားဆုံးဒီပလိုမာများကိုလည်း သင်ကြားပို့ချပေးနေပါသည်။

ထို့ပြင် **Strategy First** သည် UKနိုင်ငံတွင် အဆင့်သတ်မှတ်ချက် ၁ရှိသော Heriot-Watt Universityကြီး၏ Approved Partner ဖြစ်ပြီး၎င်း၏MBA၊ MScဘွဲ့များကိုမြန်မာနိုင်ငံတွင် သင်ယူနိုင်ရန် စီစဉ်ပေးနေပါသည်။

ကမ္ဘာ့အကြီးဆုံး တက္ကသိုလ် ကွန်ယက်ဖြစ်သော Laureate International Universities ၏ ထိုင်းနိုင်ငံအခြေစိုက် Stamford International University မှ Signature MBA ဘွဲ့ကိုလည်းမြန်မာနိုင်ငံတွင် သင်ယူနိုင်ရန် ၎င်းတက္ကသိုလ်ကြီးနှင့် မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းသား/သူဟောင်း၊သစ်များအတွက် အခမဲ့ workshopများ၊ဆွေးနွေးပွဲများကိုလည်း အခါအားလျော်စွာ စီစဉ်ပေးပါသည်။ ဘွဲ့ရစလူငယ်များအလုပ်ခွင်ဝင်အဆင်ပြေရေးအတွက် (၇)ရက်အခမဲ့သင်တန်းကိုလည်းလစဉ်ဖွင့်လှစ်ပေးနေပါသည်။

ကျောင်းသား/သူ ဟောင်းများ တက်ပြီး သင်တန်းများကို အခမဲ့ ပြန်လည်တက်ရောက်နိုင်ခြင်း၊ အချိန်အခက်အခဲရှိပါကလည်းကုန်ကျစရိတ်မရှိဘဲအတန်းအပြောင်းအရွှေ့လုပ်နိုင်ခြင်း၊ ကျေနပ်မှုမရှိပါက သင်တန်းကြေးများ အချိန်မရွေး ပြန်လည်ထုတ်ယူခွင့်ပြုခြင်းတို့မှာ **Strategy First** ၏ထူးခြားချက်များဖြစ်ပါသည်။ **Strategy First**၏မူဝါဒမှာကျောင်းသား/သူများ ပင်ပန်းစွာ ရှာဖွေထားသော သင်တန်းကြေးများကို အထူးတန်ဖိုးထားရန်နှင့် မည်သည့်ငွေကြေးကိုမှ အလကားရယူခြင်းမရှိရန်ဖြစ်ပါသည်။ **Strategy First** သည် လူ့စွမ်းအား နိုင်ငံ့အရင်းမြစ်ဖွံ့ဖြိုးမှုကို ဆုတ်ယုတ်စေသော ဆေးလိပ်၊ ဘီယာ၊ အရက်လုပ်ငန်းများ၊ အချို့ MLM ကုမ္ပဏီများနှင့် ၎င်းတို့၏ ဝန်ထမ်းများကိုလည်း ဝန်ဆောင်မှုမပေးပါ။

**Strategy First** သည်ပွင့်လင်းမြင်သာပြီး၊ စားသုံးသူအခွင့်အရေးကို လေးစားသော၊ လူမှုအသိရှိပြီး တာဝန်ယူသော ကျင့်ဝတ်ညီစီးပွားလုပ်ငန်းများ၊ လုပ်ငန်းရှင်များ၊ မန်နေဂျာများ ပေါ်ပေါက်ရေးအတွက်ရှေးရှုပြီးကိုယ်တိုင်လည်း အပြည့်အဝ လက်ခံကျင့်သုံးနိုင်အောင်ကြိုးပမ်းနေပါသည်။

မကြာမီတွင် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ် အသစ်များနှင့် **Strategy First** ကိုယ်ပိုင်သင်တန်းသစ်များကိုလည်း **Strategy First** တွင် ဆက်လက်ဖွင့်လှစ်သွားပါမည်။

■

The Strategy First Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Naing Naing Zaw

**Senior Reporter/ Assistant Editor**
Thiha Ko Ko

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# စာအုပ်စာပေ လူ့မိတ်ဆွေ

SFJ Team



"စာအုပ်စာပေ၊ လူ့မိတ်ဆွေ"၊ "အလိမ္မာစာမှာရှိ" ဆိုတဲ့ စကားများရှိပါတယ်။ စာအုပ်စာပေဟာ လူသားတို့အတွက် အသိဉာဏ်ပညာအလင်းပြရာပင် ဖြစ်ပါတယ်။ စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတများစွာ ရှာဖွေနိုင်မှာ ဖြစ်ပါတယ်။ စာအုပ်ဖတ်ရှုခြင်းမှ အကောင်းအဆိုးဝေဖန်ပိုင်းခြားနိုင်မှု၊ အောင်မြင်မှုကိုဆောင်ကြဉ်းနိုင်မှု၊ ဘဝတိုးတက်မှုကို ရေးရှုဆောင်ရွက်နိုင်မှု စတဲ့စတဲ့ ပြောပြမကုန်အောင် များပြားလှတဲ့ အကျိုးကျေးဇူးတွေကို ခံစားရမှာ ဖြစ်ပါတယ်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီး စကားလည်း ရှိပါတယ်။ လူငယ်များဟာ စာအုပ်၊ စာပေများဖတ်ရှုခြင်းမှနောင်တစ်ချိန်ဝယ်အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနဲ့ ပြည့်စုံတဲ့ လူကြီးများ ဖြစ်လာမှာ ဖြစ်ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးဖွားလာနိုင်မှာ ဖြစ်ပါတယ်။

စာပေဖတ်ရှုခြင်းဖြင့် ရရှိလာနိုင်တဲ့အကျိုးကျေးဇူးများပြားလှပေမယ့် မြန်မာနိုင်ငံမှာတော့ စာပေဖတ်ရှုခြင်းဓလေ့နည်းပါးလာတဲ့ကိစ္စရပ်ကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါတယ်။ နိုင်ငံရဲ့နှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့တဲ့ ပညာရေးစနစ်ကြောင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များဟာ စာပေဖတ်ရှုခြင်းဓလေ့နဲ့ ကင်းကွာသွားခဲ့ပါတယ်။ နိုင်ငံရဲ့ပညာရေး နိမ့်ကျမှုနဲ့အတူ စာဖတ်ရမယ့်အလေ့အကျင့်တွေလည်း ဆုံးရှုံးသွားခဲ့ပါတယ်။ နိုင်ငံရဲ့စာအုပ်စာပေများ စုပေါင်းရာ ဌာနေဖြစ်တဲ့ စာကြည့်တိုက်များ ဖွံ့ဖြိုးမှု အားနည်းခြင်းကလည်းစာဖတ်တဲ့အလေ့အကျင့်တွေကို လျော့နည်းပပျောက်သွားစေပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်ရေစီးကြောင်းနဲ့အတူ စာအုပ်အရောင်းဆိုင်များ ပပျောက်သွားခဲ့ရပါတယ်။ အချက်အချာကောင်းမွန်တဲ့နေရာတွေမှာ စာအုပ်အရောင်းဆိုင်တွေ ဖွင့်လှစ်ဖို့ ခဲယဉ်းလာရပါတယ်။

ယနေ့ မြန်မာနိုင်ငံမှာ လူဦးရေ သန်း ၅၀ ကျော် ရှိပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ သုတစာပေအမျိုးအစားပဲဖြစ်ဖြစ်၊ ရသစာပေအမျိုးအစားပဲဖြစ်ဖြစ်၊ အတတ်ပညာ စာပေအမျိုးအစားပဲဖြစ်ဖြစ်၊ ပညာရပ်ဆိုင်ရာစာပေ အမျိုးအစား ပဲဖြစ်ဖြစ်၊ ကလေးစာပေအမျိုးအစားပဲဖြစ်ဖြစ်မည်သည့်စာပေအမျိုးအစားဖြစ်စေကာမူ ထုတ်ဝေမှုပုံနှိပ်မှတ်တမ်းမှာ အုပ်ရေ ၅၀၀ မှ ၁၀၀၀ အကြားသာ ရိုက်နှိပ်ရလျက်ရှိပါတယ်။ လူဦးရေက သန်း ၅၀ ၊ စာအုပ်တစ်အုပ်ထုတ်ဝေမှုက အုပ်ရေ ၁၀၀၀ ဖြစ်နေပါတယ်။ အဆိုပါကိန်း ဂဏန်းဆိုင်ရာ ကွာခြားမှုက ရှက်ဖွယ်ရာဖြစ်တယ်လို့မြန်မာစာပေအသိုင်းအဝိုင်းကပုဂ္ဂိုလ်တွေက ဆိုလေ့ရှိပါတယ်။

မြန်မာနိုင်ငံမှာ စာဖတ်ခြင်းဓလေ့၊ စာဖတ်သူဦးရေ ဘယ်လောက်နိမ့်ပါးနေသလဲဆိုတဲ့ အချက်ကလူဦးရေနဲ့စာအုပ်တစ်အုပ်ထုတ်ဝေမှု အချိုးအစားကို ကြည့်ခြင်းအားဖြင့် ပေါ်လွင်ထင်ရှားလျက်ရှိပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာစာအုပ်တစ်အုပ်ကိုအနည်းဆုံးအုပ်ရေ၃၀၀၀ ဝန်းကျင်ရိုက်လေ့ရှိတယ်လို့စာရေးဆရာတစ်ဦးကပြောဖူးပါတယ်။ ခေတ်လူငယ်တွေကြိုက်နှစ်သက်လေ့ရှိတဲ့ ဟယ်ရီပေါ်တာ စာအုပ်တို့လို စာအုပ်မျိုးများဆိုရင် ဆိုဖွယ်ရာမရှိတော့ပါ။ မြန်မာနိုင်ငံမှာ ဟယ်ရီပေါ်တာ ဘာသာပြန်စာအုပ်ဆိုရင်လည်း အုပ်ရေ ၁၀၀၀ ပါပဲ။ ဘာရိုက်ရိုက်အနည်းဆုံး၅၀၀မှ၁၀၀၀အကြားသာရိုက်နှိပ်နေရပါတယ်။

လက်ရှိအချိန်မှာ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်အပြောင်းအလဲကို စတင်ဖို့ အားယူနေတဲ့အချိန် ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ ပညာရေးစနစ်နဲ့အတူ သူရဲ့မိတ်ဖက်ဖြစ်တဲ့ စာပေဖတ်ရှုတဲ့အလေ့အထမှာလည်းပြန်လည်အားကောင်းလာမှာ ဖြစ်ပါတယ်။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကနှစ်စဉ်ကျင်းပပြုလုပ်တဲ့ နိဗ္ဗယ်စာပေပွဲတော်လို စာပေဆိုင်ရာ စာပေပွဲတော်တွေကိုအားပေးလျက်ရှိပါတယ်။ စာဖတ်ခြင်းဓလေ့ရဲ့အားကိုးအားထားပြုရာ စာကြည့်တိုက်များ ဖွံ့ဖြိုးရေးကိုလည်း အစိုးရသစ်ကကိုင်တွယ်ဆောင်ရွက်ဖို့ယုံကြည်ပါတယ်။ လူကြီးလူငယ်မရွေးစာပေဖတ်ရှုခြင်းဖြင့်အကျိုးကျေးဇူးများ ရကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

YINMAR ONLINE STORE
No.222, MahaBandoola Garden Street, Yangon. Ph - 01-374971

www.amazon.com နှင့်အခြား သင်မှာယူလိုသော website များမှ USA ပစ္စည်းများကို ငွေးချေရင်းအတိုင်း မှာယူနိုင်ပြီး
မြန်မာပြည်အရောက်တန်ဖိုးမှာ = [နောက်ဆုံးကျသင့်ငွေ + ကျသင့်ငွေ၏ 15% + ပစ္စည်းအလေးချိန်တစ်ပေါင် - 8,000 Kyats]
(အီလက်ထရွန်းနစ်ပစ္စည်းများအတွက် အပိုကြေး ပေးဆောင်ရမည်။)
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို စရန်အဖြစ် ကြိုတင်ပေးသွင်းရပါမည်။
(အထူးအဖြစ် "Payments" မျိုးစုံကို10% Chargesဖြင့်ဝန်ဆောင်မှုပေးပါမည်။)
ယင်းမာတေးသံသွင်းသို့ ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်။ မနက် - ၉နာရီမှ ညနေ - ၆နာရီအတွင်းဖွင့်သည်။
E-mail (chitkhinlim@gmail.com) (သို့) Text Messages (09-450066242,09-43202090, 09-422469977) ဖြင့် မှာလိုသောပစ္စည်းစာရင်းကို ပို့လာပါက ကျသင့်ငွေကို အခမဲ့တွက်ချက်ပြီး ပြန်ပို့ပေးပါမည်။

မှာယူနိုင်သော ပစ္စည်းများ - Books, Software, Clothing, Electronics, Music, Toys, Games, Cell Phones, Laptops, Tablets, Computers, Gift Cards, CDs, DVDs, Blu-rays, Musical Instruments, Hand Bags, watches, Electronics Accessories, Automotive Parts & Beauty Items

စုံစမ်းရန် - ယင်းမာတေးသံသွင်း၊ အမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် - ၀၁-၃၇၄၉၇၁၊ ဦးချစ်ခင် - ၀၉-၄၅၀၀၆၆၂၄၂၊ ဦးချောကြီး - ၀၉-၄၃၂၀၂၀၉၀

ဤနေရာတွင်လည်း မှာယူနိုင်ပါသည် - Royal Express Services Ltd.
HQ : No.114, 1st Flr., 49th St., Pazundaung Township, Yangon.
Ph : 01-298909, 9010528, 9010529, 09-5110376
Email : info@royalx.net, mmo@royalx.net

# အစိုးရသစ်လက်ထက် နိုင်ငံ့ပညာရေး ဘယ်လိုပြောင်းလဲနိုင်မလဲ



**ပါမောက္ခ**
**ဒေါက်တာ ဦးအောင်ထွန်းသက်**
**Patron & Advisor**
**(Strategy First)**

ဆရာထင်တယ်၊ လာမယ့်အစိုးရအသစ်လက်ထက်မှာ Private Sector Education ပွင့်လင်းလာမယ်လို့ မြင်တယ်။ ဘာလို့လဲဆိုတော့ ဈေးကွက်ပိုမိုပွင့်လင်းလာလို့ပဲ။ အခုဆိုရင် အထက်တန်းပညာရေးမှာ ငွေကြေးတတ်နိုင်သူတွေက ပုဂ္ဂလိကကျောင်းတွေမှာ သူတို့သားသမီးတွေကိုကျောင်းထားနေကြပြီ။ ဒါဟာ ပုဂ္ဂလိကပညာရေးကို လုံးဝမေ့ထားလို့မရတာဖြစ်လာမယ်။ လက်ရှိအစိုးရအနေနဲ့ ပုဂ္ဂလိကပညာရေး ဥပဒေဖြစ်လာအောင် လုပ်မယ်ထင်တယ်။ နောက်တစ်ချက်အပြင်ကပညာရေးအဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေ ဝင်လာရင် Market က Drive လုပ်သွားမယ်လို့ ထင်တယ်။

အခုဆရာတို့ဆီမှာခက်နေတာက ဒီ Private Sector Education ကို သွားတဲ့ဆီက မရောက်ဘူးဖြစ်နေတယ်။ တိုင်းရင်းသားဘာသာစကားကို သင်ရိုးညွှန်းတမ်းထည့်ဖို့၊ တက္ကသိုလ်ပညာရေးမှာ လွတ်လပ်တဲ့ ပညာရေးစနစ်မျိုးဖြစ်လာဖို့ပြောဆိုနေတာနဲ့တင်လည်နေတာ။ အစိုးရသစ်ထံကိုလည်း ပုဂ္ဂလိကအဖွဲ့အစည်းတွေက စုစည်းပြီး ကိုယ့်ရဲ့လိုလားချက်တွေကို ပိုပြီးတင်ပြတောင်းဆိုတာတွေကို အရှိန်မြှင့်ဖို့လိုတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ပညာရေးလုပ်ကိုင်နေတဲ့ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့တွေ ကိုယ်တိုင်စုပေါင်းပြီး ပုဂ္ဂလိကပညာရေးက ဘယ်လိုအရေးကြီးသလဲဆိုတာ အစိုးရအဖွဲ့အစည်းနဲ့ နေပြည်တော် ပညာရေးကော်မတီတွေကို တွေ့ပြီးပြောဖို့လည်း လိုပါတယ်။ အစိုးရက ဦးစားပေးလုပ်ရမှာတွေများနေတယ်။ တကယ့်အရည်အသွေးမြင့်တဲ့ ပညာရေးကို ရဖို့ဆိုရင် ပေးနိုင်ဖို့တော့လိုမယ်။ အခမဲ့ပညာရေးဆိုတာ မရှိနိုင်တော့ပါဘူး။ အများအကျိုးအတွက်ဆိုရင် "အ" (၃) လုံးပညာရေးဆိုတာ အခုတော့ မရှိနိုင်တော့ပါဘူး။



**ဒေါ်ဌေးဌေးမြင့်**
**Senior Lecturer**

ပညာရေးနဲ့ပတ်သက်တဲ့ Policy တွေပေါ့၊ မူဝါဒတွေအားလုံးကို နားမလည်နိုင်ပေမယ့် ပညာရေးရဲ့အပြောင်းအလဲက ကြီးမားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတကယ့်ပညာတတ်ပုဂ္ဂိုလ်တစ်ဦးပါ၊ အမြင်လည်းကျယ်တယ်၊ သဘောထားလည်းကြီးတဲ့ သူ၊ ကျောင်းသားတွေနဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ လူထုခေါင်းဆောင်ဆိုတော့ ကျောင်းသားတွေဘက်ကလိုချင်တာနဲ့ လူကြီးပိုင်းက လုပ်ပေးနိုင်တာတွေကို အတတ်နိုင်ဆုံး ပြေလည်အောင် ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်တယ်။ ဒါပေမဲ့ပညာရေးအပြောင်းအလဲက ရင်းနှီးမြှုပ်နှံမှုတွေများတော့ အခုစပြင်တဲ့အသီးအပွင့်တွေက နောင်မှာ ပေါ်လာမှာပါ။ ပညာရေးပြုပြင်ခဲ့တာတွေကို ချက်ချင်းကြီးမြင်နိုင်ဖို့ကခက်ခဲနိုင်ပါတယ်။



**အောင်ရဲကျော်**
**( IBC, HRM )**

ဒေါ်အောင်ဆန်းစုကြည်က ရွေးကောက်ပွဲမှာကတည်းက ပညာရေးကို သူကိုင်တွယ်မယ်လို့ပြောပြီးသား။ အခု သူနိုင်ငံတော်အတိုင်ပင်ခံ ဖြစ်လာတော့ ကောင်းတဲ့အပြောင်းအလဲတွေ ဖြစ်လာမယ်လို့ယူဆပါတယ်။ တက္ကသိုလ်ဝင်ခွင့်တွေကို ဝါသနာပါတာ ရွေးချယ်ခွင့်တွေ အမှန်တကယ် ထိရောက်မှုရှိအောင် ပြုပြင်ပေးမယ်လို့ယူဆပါတယ်။ ကျွန်တော်ဆို လေယာဉ်မှူးဖြစ်ချင်ပေမယ့် ၁၀ တန်းအောင်တော့ လေကြောင်းပညာရပ်ဆိုင်ရာကျောင်းလည်းမရှိတော့ ဘာဆက်တက်ရမှန်းလည်းမသိဘူး။ ဒါတွေကို ပြောင်းလဲနိုင်မယ်လို့ထင်ပါတယ်။ အစိုးရအနေနဲ့ ပညာရေးနစ်ရှည် အစီအမံတွေကို အမှန်တကယ်ထိရောက်မှုရှိအောင် ဆောင်ရွက်မယ်လို့ ထင်ပါတယ်။



**ကျော်မင်းထွဋ်**
**( Business Management & Administration )**

ပညာရေး Foundation တွေပြောင်းလဲသွားမယ်လို့ထင်တယ်။ အဓိကမူတွေ ပြောင်းရမယ်ထင်တယ်။ အရင် ၁၀ တန်းအောင်လို့နိုင်ငံခြားသွားရင် ကျွန်တော်တို့ကို ဘယ်သူမှအသိအမှတ်မပြုဘူး၊ ဘွဲ့ရလည်းဒီအတိုင်းပဲ။ ဒါတွေကိုမြင့်တက်လာအောင်ပညာရေးဝန်ကြီးပိုင်းတွေကပြုပြင်ပေးဖို့လိုပါမယ်။ အခု ၁၀ တန်းမေးခွန်းတွေဆိုရင်မကောင်းတာတော့မဟုတ်ဘူး၊ ပုံစံတွေ၊ သင်ကြားပုံစံတွေ လိုအပ်နေတာ။ ဆရာတွေဆိုလည်း ကျောင်းမှာပဲ သိနားလည်အောင် အာရုံစိုက်သင်ကြားပေးနိုင်တာအားနည်းတော့ ကျူရှင်တွေ ပြန်အားကိုးနေရတယ်။ အခုလာမယ့် (၅) နှစ်သက်တမ်းမှာ ပညာရေးပိုင်းမှာ မျိုးစေ့ကောင်းတွေ ချပေးနိုင်မယ်ထင်တယ်။



**နှင်းဝါဝါစံ**
**( Financial Management )**

စာမေးပွဲဖြေတဲ့ ပုံစံတွေပြောင်းလဲသွားမယ်လို့တော့ ထင်ပါတယ်။ ကျွန်မ (၃) တန်းနှစ်တုန်းကဆိုရင် အများကြီးကျက်ရတယ်၊ ဖြေရတာလည်းများတယ်။ (၅) တန်းကိုရောက်တော့ Chapter တွေနဲ့ သင်ပြီးဖြေရတဲ့စနစ်ဖြစ်လာတော့ စာဖြေရတာတွေကဘယ်လိုအမှတ်တွေပေးပြီးဖြေခိုင်းသလဲ မသိတော့ဘူး။ ဒါတွေကအခုပြောင်းလဲနိုင်မယ်ထင်တယ်။ အခုပုံစံတွေက အရင်ငယ်ငယ်တုန်းက ပုံစံနဲ့ပြောရင် Feel ကိုမလာဘူးပြောရမလားပဲ။ နိုင်ငံတကာပညာတတ်တစ်ဦးဖြစ်တဲ့ ဒေါ်စုက ပညာရေးစနစ်ကို နိုင်ငံတကာထက်မနိမ့်အောင် ပြင်ဆင်ပေးမယ်လို့ ယူဆတယ်။ မြန်မာကျောင်းသားတွေ မညံ့ပါဘူး၊ ပညာရေးစနစ် မကောင်းတာလို့ပဲ ယူဆပါတယ်။



**အေးအောင်ဟန်**
**( NCC Level 4 )**

အခုအစိုးရလက်ထက်မှာ မြို့နဲ့ကျေးလက်ဒေသမှာဖြစ်နေတဲ့ပညာရေး အဆောက်အဦ မပြည့်ဝမှုတွေကို ဖြည့်ဆည်းနိုင်မယ်လို့ ထင်ပါတယ်။ ကျေးလက်မှာ ပညာရေးနဲ့ ပတ်သက်ပြီး ကျောင်းမရှိတာတွေ၊ စာသင်ချင်ပြီး မသင်နိုင်သူတွေ ပိုပြီးအခွင့်အရေးရလာမယ်လို့ ထင်ပါတယ်။ တက္ကသိုလ်တွေဆိုလည်း အင်္ဂါရပ်နဲ့မညီတာတွေကို ပြင်ဆင်နိုင်မယ်လို့ ထင်တယ်။ ကျောင်းသားနဲ့ဆရာ အပြန်အလှန် ပြောဆိုဆွေးနွေးပြီး စာသင်တာမျိုးတွေ ဖြစ်လာဖို့မျှော်လင့်တယ်။ သင်ရိုးတွေကပါတဲ့လက်တွေ့သင်ခန်းစာတွေမှာလည်း အမှန်တကယ် ဆောင်ရွက်တာမျိုးတွေ ဖြစ်စေချင်တယ်။ ဒါတွေ ပြောင်းလဲမယ်လို့တော့ထင်တယ်။



**မိုးကျော်သူ**
**( Hospitality Management)**

ဘတ်ဂျက်တွေမှာ ပညာရေးအသုံးစရိတ်ကို မြှင့်တင်သုံးစွဲမယ်၊ ဆရာမတွေရဲ့ အရည်အချင်းတွေကိုလည်း ပြန်ပြီးစိစစ်မယ်လို့တော့ ယူဆပါတယ်။ အခုကလေးတွေကဒါကျက်ဒါဖြေဖြစ်နေတော့ ဒီစနစ်ကိုပြောင်းလဲနိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ဆို ၈၈ ကတည်းက ဒီစနစ်နဲ့ဖြတ်သန်းလာရတာ၊ နောက်တစ်ခုကရှိပြီးသား သင်ရိုးညွှန်းတမ်းတွေကိုလည်းပိုပြီးထိရောက်အောင်၊ စာသင်သားတွေရဲ့ အတွေးအခေါ်တွေ ပိုပြီးအလုပ်ဖြစ်လာအောင်လုပ်ပေးရမှာပါ။ ဒါတွေကို ပညာရေးသုတေသနကလူတွေ၊ ပညာရှင်တွေနဲ့ပေါင်းပြီးလုပ်ရမယ်၊ နိုင်ငံခြားပညာရှင်တွေရဲ့ Idea တွေကို ဒီမှာအသုံးဝင်အောင် ပြုပြင်သုံးစွဲဖို့တွေ လုပ်မယ်လို့ ထင်ပါတယ်။

now in Myanmar in partnership with **STRATEGY FIRST INSTITUTE**




# SIGNATURE

# M.B.A

Strategy First တွင် Stamford International မှ MBA program များကို မိတ်ဖက်အဖြစ် သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမ များမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ် သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လ ကြာမြင့်ပါမည်။

- ဝင်ခွင့်စာမေးပွဲကို ဧပြီလ (၈) ရက်နေ့တွင် ဖြေဆိုရမည် ဖြစ်ပါသည်။
  စာရင်းပေးသွင်းရန် - 09 450177770

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees

**Apply Now - (09) 450177770**

# London Has Fallen

SFJ Team






ဒီတစ်ပတ် Movie Review ကနေ မိတ်ဆက်ပေးမယ့် ရုပ်ရှင်ကတော့ မကြာသေးခင်ကမှ ရုံတင်သွားတဲ့ Action, Thriller ရုပ်ရှင်ကား London Has Fallen ဖြစ်ပြီး ရိုက်ကူးခဲ့တဲ့ဒါရိုက်တာကတော့ Babak Najafi ဖြစ်ပါတယ်။ ဒီကားက ၂၀၁၃ ခုနှစ်တုန်းက ထွက်ရှိခဲ့တဲ့ Olympus Has Fallen ဆိုတဲ့ ကားရဲ့နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီးတော့ Olympus Has Fallen မှာတုန်းက အဓိက သရုပ်ဆောင်တွေဖြစ်ကြတဲ့ Gerard Butler၊ Aaron Eckhartနဲ့ Morgan Freemanတို့က ဆက်လက်ပါဝင်သရုပ်ဆောင်ထားပါတယ်။ မတ်လ (၄)ရက်နေ့မှာ စတင် ရုံတင်ခဲ့တဲ့ ဒီကားကို imdb website မှာတော့ Rating 6.3 ပေးထားတဲ့အတွက်ကြောင့် သာမန်ထက်တော့ Rating မြင့်တဲ့ရုပ်ရှင်တစ်ကားလို့ ဆိုရပါမယ်။

Olympus Has Fallen ကိုမကြည့်ဖူးတဲ့ ရုပ်ရှင်ကြည့်ပရိသတ်တွေအတွက် အဓိက ဇာတ်ကောင်တွေကိုအရင်မိတ်ဆက်ပေးပါ့မယ်။ အရင်ဇာတ်ကားမှာ အမေရိကန်နိုင်ငံသမ္မတ Benjamin Asher အဖြစ် Aaron Eckhart (Batman:The Dark Knight)ကသရုပ်ဆောင်ထားပြီးတော့ Gerard Butler (300၊ The Ugly Truth)ကတော့အရင်တုန်းကသမ္မတမိသားစုရဲ့ အနီးကပ် ကာကွယ်စောင့်ရှောက်သူအဖြစ် တာဝန်ယူပေးခဲ့ဖူးတဲ့ Mike Banning အဖြစ် သရုပ်ဆောင်ထားပါတယ်။ Olympus Has Fallen ရဲ့အစမှာ Mike(Gerard Butler) က သမ္မတမိသားစုရဲ့ ကားမတော်တဆဖြစ်မှုမှာ သမ္မတကတော်ကိုမကယ်တင်နိုင်ခဲ့တဲ့အတွက်ကြောင့် ရာထူးချခံရပြီး ဌာနပြောင်းထားခံရတဲ့ လူဖြစ်ပါတယ်။ မြောက်ကိုရီးယားက အကြမ်းဖက်သမားတွေ သမ္မတ Benjamin Asher ကို ပြန်ပေးစွဲဖို့ အိမ်ဖြူတော်ကိုဝင်ရောက်စီးနင်းတဲ့ အခါမှာတော့ Mike က သူ့မိတ်ဆွေတစ်ဖြစ်လဲ သမ္မတကို ရှုပ်ရှုပ်ရှုံရှုံ ဝင်ရောက်ကယ်တင်ပုံကို ရိုက်ကူးထားတာဖြစ်ပါတယ်။

London Has Fallen မှာတော့ သမ္မတ Benjamin Asher အတွက် Secret Service Agentအဖြစ်တာဝန်ယူထားတဲ့ Mike(Gerard Butler)ဟာ သူ့ရဲ့မိန်းမက ကလေးမွေးတော့မှာ ဖြစ်လို့ မိသားစုအတွက်အချိန်ပေးနိုင်ဖို့အတွက် တာဝန်ကနေ အနားယူဖို့စဉ်းစားနေပါတယ်။

ဒီအချိန်မှာပဲ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် သေဆုံးသွားပြီဆိုတဲ့ သီတင်းကြားလိုက်ရပါတယ်။ Secret Service Director ဖြစ်တဲ့ Lynne Jacobs(Angela Bassett) နဲ့အတူ Mike နဲ့ သမ္မတ Asher တို့ဟာ London မှာ ဝန်ကြီးချုပ်ရဲ့ရှာပနကိုတခြားနိုင်ငံအသီးသီးက နိုင်ငံခေါင်းဆောင်တွေနည်းတူ တက်ရောက်ဖို့သွားရောက်ခဲ့ပါတယ်။ သူတို့ကြိုတင်မတွေးမိထားတာက လွန်ခဲ့တဲ့ (၂) နှစ်က အမေရိကန်နိုင်ငံကချေမှုန်းလိုက်ပြီလို့ယူဆခဲ့တဲ့ပါကစ္စတန်နိုင်ငံက အကြမ်းဖက်သမားနဲ့ လက်နက်ရောင်းဝယ်ရေးဂိုဏ်းခေါင်းဆောင် Aamir Barkawi ဟာ သူတို့ကို လက်စားချေဖို့ ရောက်ရှိနေတယ်ဆိုတာပါပဲ။ သူတို့ London ကို ရောက်ရောက်ချင်းမှာပဲအကြမ်းဖက်သမားတွေဝိုင်းတိုက်ခိုက်ကြပြီးတော့ တခြားနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေလည်း သေဆုံးခဲ့ရပြီး London မြို့ကြီးရဲ့ အထင်ကရနေရာတွေအကုန်လုံးလည်းဖောက်ခွဲခံရပြီး မြို့ပျက်ကြီးသဖွယ် ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒီလို အကြမ်းဖက်မှုတွေကြားထဲက Banning, Asher နဲ့ Mika Banning ဟာ သီသီလေးလွတ်မြောက်ခဲ့ပြီး အမှန်က ဗြိတိန်နိုင်ငံဝန်ကြီးချုပ် အသတ်ခံရတဲ့ကိစ္စကလည်း အကြမ်းဖက်သမားတွေလက်ချက်ဖြစ်ပါတယ်။

Aamir Barkawi က နိုင်ငံတကာက ဝန်ကြီးချုပ်တွေကို London မှာ ရှာပနလာတက်ရောက်တဲ့အခါမှာ ရှင်းပစ်နိုင်ဖို့အတွက် အကွက်ကျကျ စီစဉ်ပြီးတော့ ဝန်ကြီးချုပ်ကို အဆိပ်ခတ် သတ်ဖြတ်ခဲ့တာဖြစ်ကြောင်းကို အားလုံးသိရှိလိုက်ရတဲ့အခါ ....

ဒီရုပ်ရှင်ဟာ ဧပြီလ (၃) ရက်နေ့ စာရင်းများအရဆိုရင် မြောက်အမေရိကမှာ ၅၈ ဒသမ ၉ သန်းနဲ့ တခြားနိုင်ငံတွေက လက်မှတ်ရောင်းအားတွေစုစုပေါင်းဆိုရင် အမေရိကန်ဒေါ်လာ ၁၁၈ သန်းပြန်လည်ရရှိနေပြီဖြစ်ပြီးတော့ ရိုက်ကူးခဲ့တဲ့ ဘတ်ဂျတ်သန်း ၆၀ ရဲ့(၂)ဆရှိနေပြီ ဖြစ်ပါတယ်။ ရုံစစတင်ခြင်းအပတ်မှာပဲ ၂၁ ဒသမ ၆ သန်းဝင်ငွေရရှိခဲ့ပြီးတော့ Box Office မှာ Zootopia ရဲ့နောက်နံပါတ် (၂) မှာရပ်တည်နိုင်ခဲ့ပါတယ်လို့ဖော်ပြရင်း ရုပ်ရှင်ကိုဆက်လက်ရှုစားပါလို့ တိုက်တွန်းချင်ပါတယ်။

■






The STRATEGY FIRST Times

# အစားအစာတွေကို ကျန်းမာရေးနဲ့ညီညွတ်အောင် စားသောက်ပေးတာက စိတ်ပိုင်းဆိုင်ရာကျန်းမာမှုအတွက် ဘယ်လိုမျိုးသက်ရောက်မှု ရှိနိုင်သလဲ။

**SFJ Team**



နေ့စဉ် အစားအသောက်တွေကို နည်းမှန်လမ်းမှန်နဲ့ စနစ်တကျ စားသုံးပေးတာက သင့်ကျန်းမာရေးကိုကူညီထိန်းညှိပေးနိုင်သလိုရောဂါဘယတွေလည်း ကင်းဝေးစေနိုင်တယ်ဆိုတာကိုတော့ ကျွန်တော်တို့အားလုံး သိရှိထားကြပါတယ်။ ဒါပေမဲ့လည်း သင့်ရဲ့နေထိုင်စားသောက်မှုပုံစံက သင့်စိတ်ခံစားချက်နဲ့ ချမ်းသာသုခခံစားရမှုအပေါ်မှာ အကြီးအကျယ် သက်ရောက်မှုလည်း ရှိနိုင်ပါလိမ့်မယ်။ လေ့လာချက်တွေအရတော့ ထုပ်ပိုးထားတဲ့ အသားတွေ၊ ဟင်းလျာတွေ၊ တစ်နေရာနဲ့တစ်နေရာ သယ်ယူသွားလို့ရတဲ့အစားအသောက်တွေနဲ့ သကြားပါဝင်တဲ့မုန့်တွေကို အဓိကထားစားသောက်တဲ့ ပုံမှန်အနောက်တိုင်းဓလေ့ စားသောက်မှုပုံစံဟာ စိတ်ကျဝေဒနာ၊ စိတ်ဖိစီးမှုနဲ့ စိတ်ကယောက်ကယက်ဖြစ်မှုနဲ့ စိတ်သောကရမှု အခြေအနေတွေနဲ့ ဆက်စပ်မှုရှိတယ်ဆိုတာကို တွေ့ထားရပါတယ်။ အဲဒီလိုပါပဲ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ စားသောက်မှုပုံစံအတိုင်း စားသောက်မယ်ဆိုရင်လည်း အယ်လ်ဇိုင်းမား ဝေဒနာ၊ ADHD နဲ့ စိတ်ကစဉ့်ကလျားရောဂါလိုမျိုး စိတ်နဲ့ပတ်သက်တဲ့ ဝေဒနာတွေတောင် ရရှိလာနိုင်သလို ဒီထက်ပိုဆိုးတာက လူငယ်တွေမှာဆိုရင် ဒီလိုမျိုးစားသောက်မှု ပုံစံမမှန်လို့ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံတဲ့အထိတောင် ဖြစ်သွားနိုင်ပါလိမ့်မယ်။

အခြားတစ်ဖက်မှာလည်း လတ်ဆတ်တဲ့သစ်သီးနဲ့ဟင်းသီးဟင်းရွက်တွေကိုစားပေးတာ၊ ကိုယ့်အိမ်မှာပဲ ဟင်းလျာတွေကို ချက်ပြုတ်စားတာ၊ သကြားလျှော့စားတာနဲ့ ကစီဓာတ် (ကာဗိုဟိုက်ဒရိတ်) များတဲ့ အစားအစာတွေကို လျှော့စားတာမျိုးက သင့်ရဲ့စိတ်ခံစားချက်အခြေအနေကို တိုးတက်ကောင်းမွန်စေနိုင်ပြီး စိတ်နဲ့ပတ်သက်တဲ့ ရောဂါဝေဒနာတွေ ဖြစ်နိုင်ချေ နည်းပါးသွားနိုင်ပါတယ်။ တကယ်လို့များ သင့်မှာ စိတ်နဲ့ပတ်သက်တဲ့ ဝေဒနာတစ်ခုခုများ ခံစားနေရပြီဆိုရင်လည်း နည်းမှန်လမ်းမှန် ပြန်လည်စားသောက်ပေးတာက သင်ခံစားနေရတဲ့ ဝေဒနာတွေကိုလျော့ပါးသက်သာသွားစေနိုင်သလိုသင့်ကိုယ်သင်လည်းပြန်လည်ထိန်းသိမ်းတည့်မတ်သွားနိုင်ပါလိမ့်မယ်။

တချို့အစားအစာတွေနဲ့ အာဟာရဖြစ်စေတဲ့အရာတွေက သင့်စိတ်ပိုင်းဆိုင်ရာ ခံစားမှုအတွက်အကျိုးဖြစ်စေနိုင်တယ်ဆိုပေမယ့်လည်း အရေးကြီးဆုံးကတော့သင့်စိတ်ခံစားချက်အဆိုးအကောင်းတွေဆိုတာက သင့်ရဲ့ နေ့စဉ်စားသောက်မှုပုံစံမှာပဲ အဓိက မူတည်နေပါတယ်။ ဒါပေမဲ့လည်း ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသောက်မှုပုံစံ တစ်ခုရဖို့အတွက် သင့်အနေနဲ့ သင်စားချင်တဲ့အစားအသောက်တွေကိုမစားဘဲ ပစ်ပယ်လိုက်ရမယ်လို့တော့ မပြောလိုပါဘူး။

ကျန်းမာရေးနဲ့ညီညွတ်တဲ့စားသောက်ပုံစံလမ်းညွှန်မှု ၁ – သင့်ကိုယ်သင် အောင်မြင်ဖို့အတွက် ပြင်ဆင်ချမှတ်ထားပါ။

သင့်ကိုယ်သင် အောင်မြင်နိုင်ဖို့ နည်းလမ်းတွေ ပြင်ဆင်ချမှတ်တဲ့နေရာမှာတော့ သင့်ရဲ့နေ့စဉ်စားသောက်မှုပုံစံမှာ ကြီးကြီးမားမား ပြောင်းလဲလိုက်တာမျိုး မလုပ်ဘဲနဲ့ တစ်နေ့ကို ဆလတ်ရွက် နည်းနည်းဖြည့်စားပေးတာမျိုးလို လုပ်ရလွယ်ကူတဲ့စားသောက်မှုပုံစံကို ချမှတ်ဖို့စဉ်းစားရမှာဖြစ်ပါတယ်။ သင့်ရဲ့အသေးအမွှားကစပြီး ပြောင်းလဲတာက ကြာရင် အကျင့်ဖြစ်သွားမှာဖြစ်ပြီးတော့နောက်ပိုင်းမှာကျန်းမာရေးအတွက် ကောင်းမွန်တဲ့ အစားအသောက် ရွေးချယ်တာတွေ သင်ဆက်လုပ်နိုင်မှာဖြစ်ပါတယ်။

သင်စားမယ့် အစားအစာတွေကို သင့်ဘာသာ များများပြင်ဆင်စားသောက်ပါ။ ကိုယ်စားမယ့်အစားအသောက်ကို အိမ်မှာပဲ ချက်စားတာကကိုယ်ရဲ့အစားအသောက်တွေမှာဘာတွေပါနေလဲဆိုတာကိုတိတိကျကျပိုသိနိုင်ပြီးတော့ ကျန်းမာရေးရှုထောင့်ဘက်ကနေကြည့်ရင်ပိုပြီး အဆိုးအကောင်း သိမြင်နိုင်မှာဖြစ်ပါတယ်။

မှန်ကန်သင့်တော်တဲ့ အပြောင်းအလဲတွေ လုပ်လိုက်ပါ။ သင့်ရဲ့နေ့စဉ် အစားအသောက်တွေထဲမှာ ကျန်းမာရေးနဲ့မညီတဲ့ အစားအသောက်တွေကို လျှော့ချတဲ့အခါမှာလည်း အဲဒီအစားအစာတွေနေရာမှာ ကျန်းမာရေးအတွက်အထောက်အကူဖြစ်စေတဲ့အစားအစာတွေနဲ့ မှန်မှန်ကန်ကန် အစားထိုးတတ်ဖို့ အရေးကြီးပါတယ်။ လူကို အန္တရာယ်ဖြစ်စေတဲ့ အဆီတွေပါတဲ့အစားအစာနေရာမှာကျန်းမာရေးကိုက်ညီတဲ့အဆီပါအစားအစာမျိုး ပြောင်းစားတာက သင့်ကျန်းမာရေးအတွက်ယခင်နဲ့မတူအကျိုးဖြစ်စေနိုင်မှာပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်းကစီဓာတ်လျှော့ထားတဲ့အစားအစာတွေမစားဘဲတိရစ္ဆာန်အဆီပါတဲ့ အစားအစာတွေကို ပြောင်းစားတာကလည်းနှလုံးရောဂါဖြစ်နိုင်မှုအလားအလာကို လျော့ပါးသွားစေနိုင်မှာမဟုတ်သလို သင့်စိတ်ခံစားချက်ကိုလည်း တိုးတက်စေနိုင်မှာမဟုတ်ပါဘူး။



ရိုးရိုးရှင်းရှင်းသာတွေးတောစားသောက်ပါ။ ကယ်လိုရီတွေ ဘယ်လောက်များ၊ မများ တွက်ချက်ကြည့်ပြီး ပူပန်နေမယ့်အစား သင့်ရဲ့နေ့စဉ်စားသောက်တဲ့ အစားအသောက်တွေကို အရောင်၊ အမျိုးအစားနဲ့ လက်ဆတ်မှု ရှိ၊မရှိစတာတွေနဲ့ပဲ တိုင်းတာခွဲခြားကြည့်ပါ။ ထုပ်ပိုးထားတဲ့ အစားအသောက်တွေကို တတ်နိုင်သလောက် ရှောင်ကြဉ်ပြီးတော့ ပိုမိုလတ်ဆတ်မှုရှိတဲ့ အစားအသောက်တွေကိုသာ ရွေးချယ်စားသုံးပါ။

အစားအသောက်တွေရဲ့ အမှတ်တံဆိပ်ကိုဖတ်ရှုပါ။ သင် နေ့စဉ်စားနေတဲ့ အစားအသောက်တွေရဲ့ အမှတ်တံဆိပ်တွေကို ဂရုတစိုက်ကြည့်ဖို့လိုပါတယ်၊တစ်ခါတစ်ရံမှာအစားအသောက်ထုတ်လုပ်သူတွေက သူတို့ရဲ့ထုတ်ကုန်တွေမှာ သကြားပါဝင်မှု များနေတာ ဒါမှမဟုတ် ကျန်းမာရေးနဲ့မကိုက်ညီတာမျိုးကိုဖော်ပြထားခြင်းမရှိတတ်ကြသလို တစ်ခါတစ်ခါမှာကျန်းမာရေးနဲ့ ညီညွတ်လှပါတယ်ဆိုပြီးတော့တောင်မှ ပြောထားပါသေးတယ်။

သင်အစားအသောက်စားပြီးတဲ့အခါတိုင်း ဘယ်လိုခံစားရတတ်သလဲဆိုတာကို သတိပြုကြည့်ပါ။ ဒီလိုမျိုး အလေးပေး သတိထားကြည့်ပေးတာက သင်ကိုယ့်သင် ကျန်းမာအောင် ဘယ်လောက်တောင် လိုက်လျောညီထွေနေနိုင်နေပြီလဲဆိုတာကို သတိပြုမိပါလိမ့်မယ်။ ကျန်းမာရေးနဲ့ကိုက်ညီတဲ့အစားအသောက်တွေ များများစားလေ အဲဒါတွေ စားပြီးတိုင်း သင့်ရဲ့ခံစားချက်တွေပိုကောင်းလေလေပဲဖြစ်ပြီးတော့ နေရထိုင်ရတာကောင်းမွန်နေမှာပါ။ ဒါပေမဲ့လည်း ကျန်းမာရေးနဲ့မညီတဲ့ အစားအသောက်တွေ များများစားလေ သင်ဟာလည်း နေရထိုင်ရတာပိုပြီး မသက်မသာ ဖြစ်လာမှာဖြစ်သလို မူးဝေအော့အန်ချင်သလိုမျိုး ဒါမှမဟုတ် ခွန်အားကုန်ခမ်းချင်လာသလိုမျိုး ခံစားရဖို့ ရှိပါတယ်။

ရေကို များများ သောက်ပေးပါ။ ရေက ကျွန်တော်တို့ရဲ့ခန္ဓာကိုယ်ပေါ်က မလိုအပ်တဲ့ ထုတ်ကုန်တွေနဲ့ အဆိပ်အတောက်တွေကို ကူညီဖယ်ရှားနိုင်တဲ့ အစွမ်းရှိပါတယ်။ အဲဒါကြောင့် ရေများများမသောက်လို့ ရေဓာတ်ကုန်ခန်းနေတယ်ဆိုရင်တော့ မူးဝေမောပန်းတာ၊ အားနည်းတာနဲ့ ခေါင်းမူးခေါင်းကိုက်တာတွေ ဖြစ်စေနိုင်ပါတယ်။ ရေဆိုတာ ဆာမှ သောက်ရမယ်ဆိုတာမျိုး ခံယူထားရင်တော့ အမှားကြီးမှားနေပါလိမ့်မယ်။ အဲဒါကြောင့် တစ်နေ့တာမှာရေဓာတ်မကုန်ဆုံးရလေအောင် မကြာခဏရေကိုနိုင်နိုင်သောက်ပေးနေတာကသင့်အတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအသောက်တွေရွေးချယ်စားသောက်တဲ့နေရာမှာ အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

■






MADE IN THE UK.
VALUED WORLDWIDE.

# MBA & MSc
## Programmes

INTERNATIONAL LEARNING.
INDEPENDENT THINKING.

www.ebsglobal.net

Strategy First မှ Edinburgh Business School Heriot-Watt University မှ MBA, MSc programmes များကို တရားဝင်အသိအမှတ်ပြု မိတ်ဖက်အဖြစ် ဂုဏ်ယူစွာစတင်သင်ကြားပေးတော့မည်ဖြစ်ပါသည်။

Heriot-Watt University ကို 1821 တွင် တည်ထောင်ခဲ့ပြီး UK ရှိ (၉) ခုမြောက် သက်တမ်းအရှည်ဆုံး တက္ကသိုလ် ဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2016 တွင် Heriot-Watt University သည် နံပါတ် (၁၈) နေရာရရှိထားပြီး ကမ္ဘာ့အဆင့် (၃၁၈) ရှိသောတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်းပညာရေး အရည်အသွေး ကောင်းမွန်မှုကြောင့် ၂၀၀၉ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း Financial Times သတင်းစာ၏ တက္ကသိုလ်များ စာရင်းတွင် ဖော်ပြခြင်းခံခဲ့ရသော ထိပ်တန်းတက္ကသိုလ်တစ်ခု ဖြစ်ပါသည်။

Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေး သင်တန်းများကို သင်ကြားပေးနေသော ဌာန တစ်ခုဖြစ်ပါသည်။ ယခုလက်ရှိ EBS MBA programme များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံတွင် တက်ရောက်နေကြပြီး တက်ရောက်နေသူများ တက်ရောက်နေသူများထဲ တွင် Fortune (500) စာရင်းတွင်ပါဝင်သော ကမ္ဘာ့ပြဖြစ်အကြီးမားဆုံးကုမ္ပဏီများမှလည်း ပါဝင်ပါသည်။

MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်သက်အတွေ့အကြုံ (၃) နှစ်ရှိရန်လိုအပ်ပါသည်။ အင်္ဂလိပ်စာအတွက် ကတော့ IELTS 6.5 ရရှိထားဖို့ လိုအပ်ပါသည်။ IELTS စာမေးပွဲ အောင်လက်မှတ်မရှိပါက အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဘွဲ့မရရှိထားသော်လည်းလုပ်သက်အတွေ့အကြုံကောင်းမွန်သောလုပ်ငန်းရှင်များကိုလည်း အင်္ဂလိပ်စာလိုအပ်ချက် ပြည့်မှီပါက ဝင်ခွင့်ရရှိရန် စဉ်းစားပေးပါမည်။ သင်တန်းပြီးဆုံးအောင်မြင်သောအခါ UK နိုင်ငံရှိ Heriot-Watt University တွင်ဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် MBA ဘွဲ့ကို တက်ရောက်ယူနိုင်မည် ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန် များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ် သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လ ကြာမြင့်ပါမည်။

မြန်မာနိုင်ငံတွင် တက်ရောက်နိုင်သော နိုင်ငံတကာ MBA များတွင် Ranking အမြင့်ဆုံး ရရှိထားသော တက္ကသိုလ် ဖြစ်ပါသည်။

■ သင်တန်းများကို မေလ (၂၈) ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

**Apply Now - (09) 450177770**

# အလုပ်ခွင်ထဲမှာ သူဌေးတွေ ဘယ်တော့မှ တွေ့ချင်မှာမဟုတ်တဲ့ အကျင့်ဆိုးခုနှစ်ခု

SFJ Team

စီးပွားရေးလုပ်ငန်းတစ်ခုမှာ ဝင်ရောက်ဦးစီးလုပ်ကိုင်ဖို့ အကြောင်းဖန်လာခဲ့ပြီဆိုရင်တော့ အလုပ်တစ်ခုမှာ "ဘယ်လိုအကြောင်းအချက်တွေကအလုပ်မဖြစ်ဘူး၊အလုပ်မပြီးဘူး" ဆိုတာနဲ့ပတ်သက်ပြီးတော့ သင့်အနေနဲ့ မတူညီတဲ့ နည်းလမ်းသုံးခုနဲ့ ချိန်ထိုးစဉ်းစားကြည့်နိုင်ပါတယ်။ ပထမတစ်ခုအနေနဲ့ ဝန်ထမ်းတစ်ဦးဟာ ရုံးမှာ အမြဲတမ်းပဲ ရှင်ပြတက်ကြွနေတယ်ဆိုရင်တော့ သူဟာ အလုပ်ထဲမှာ တကယ့်ကို အလုပ်ကို ပြီးမြောက်အောင် လုပ်တတ်မှာပဲလို့ သင်တွေးမိမှာပဲ ဖြစ်ပြီးတော့ တကယ်တမ်း သူ အလုပ်ဖြစ်အောင် လုပ်နိုင်သလား၊ မလုပ်နိုင်ဘူးလားဆိုတာကို သင့်ဘက်က အချိန်ကုန်ခံစဉ်းစားမိမှာမဟုတ်တော့ပါဘူး။ ဒုတိယအချက်အနေနဲ့ကတော့ဝန်ထမ်းတစ်ယောက်ရဲ့အလုပ်လုပ်နိုင်စွမ်း စပြီးကျဆင်းလာတာကို သင်သတိထားမိလာပြီဆိုရင်တော့ သူဟာ အလုပ်မဖြစ်တော့ဘူးဆိုတာကို သင်သဘောပေါက်လာပါလိမ့်မယ်။ နောက်ဆုံးအချက်အနေနဲ့ အလုပ်ထဲမှာ အားလုံးက သတိပြုမိလောက်အောင် ဝန်ထမ်းတစ်ယောက်ဟာ လုံးလုံးလျားလျားကို အလုပ်ဖြစ်အောင်မလုပ်နိုင်တော့တဲ့အခြေအနေမျိုးမှာ သင်သတိထားမိလာနိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အထက်ပါ အခြေအနေအားလုံးမှာရှိတဲ့ လက္ခဏာရပ်တွေကတော့ တူတူတွေပါပဲ။ ဒီဝန်ထမ်းတွေအလုပ်ခွင်တွေကို ဘယ်လိုမျိုးရောက်လာကြလဲ၊ ဘာ့ကြောင့် သူတို့အလုပ်လာလုပ်ကြသလဲဆိုတဲ့ နောက်ခံအကြောင်းအရာတွေကတော့ ဝန်ထမ်းတစ်ယောက်နဲ့ တစ်ယောက်အကြား မတူညီနိုင်ကြပါဘူး။ ဒါပေမဲ့ အလုပ်ရှင်တွေဘက်ကတော့ အထက်ပါ စရိုက်လက္ခဏာရပ်တွေထဲက တချို့ကို အကဲဖြတ်တတ်ဖို့တော့ လိုပါလိမ့်မယ်။ တကယ်လို့များ ဝန်ထမ်းတစ်ဦးဟာ အလုပ်ခွင်ထဲမှာအလုပ်မဖြစ်တော့ဘူးဆိုတာကိုသင်သတိထားမိမယ်ဆိုရင် ပထမဆုံးအနေနဲ့ အပြောင်းအလဲတွေ စလုပ်ရတော့မှာဖြစ်ပါတယ်။

အောက်ဖော်ပြထားတဲ့ အချက်တွေကို ကြည့်ပြီး စဉ်းစားကြည့်ပေးပါ။

## 1 စောဒက တက်ခြင်း

လူတစ်ယောက်က ဘာကြောင့် စောဒကတက်ရတာလဲ ၊ ဘယ်သူ့ကို ဘာအကြောင်းနဲ့ပတ်သက်ပြီးတော့ စောဒက တက်ရတယ်ဆိုတာက သိပ်စဉ်းစားနေစရာတော့ မလိုပါဘူး။ တကယ်တော့တစ်ယောက်ယောက်ကစောဒကတက်တဲ့ကိစ္စတွေကို ကြည့်ရင် တစ်ခါတစ်ရံမှာ အဲဒီတစ်ယောက်ဟာအပြောင်းအလဲတစ်ခုလုပ်ဖို့အတွက် အလုပ်ထဲမှာ ဝါယမစိုက် အားထုတ်လုပ်လိုစိတ်မရှိဘူးဆိုတာကိုပြသနေသလိုပါပဲ။ အဲဒါက တကယ့်ကို အချိန်ဖြုန်းနည်းတစ်ခုပါပဲ၊ အလုပ်ဖြစ်အောင်လုပ်ဖို့ထက် စောဒကတက်တာကိုပိုလွယ်ကူပါတယ်။ "တကယ်တမ်းအလုပ်တစ်ခုကို ဖြစ်မြောက်အောင်လုပ်တတ်တဲ့လူတွေကျတော့ ကြုံတွေ့လာရတဲ့ ပြဿနာရပ်ကိုပဲ ထပ်ခါတလဲလဲ ပြောမနေကြပါဘူး။ သူတို့အလုပ်ကိုသူတို့ ဆက်လုပ်သွားကြတာပါ" လို့ ပြောချင်ပါတယ်။



## 2 ဆင်ခြေပေးခြင်း

စောဒက တက်သလိုပဲ ဝန်ထမ်းတစ်ယောက်ဟာအလုပ်တစ်ခုမှာမလုပ်ချင်လို့ဆင်ခြေပေးတာကလည်း အလုပ်မပြီးနိုင်တဲ့ အကြောင်းတစ်ခုပါ။ အခြား အရေးပိုကြီးတဲ့ အလုပ်တစ်ခုကို ဦးစားပေးလုပ်လိုက်ရလို့ အလုပ်တွေမပြီးဘူးဆိုတာကတော့ပေးသင့်ပေးထိုက်တဲ့ ဆင်ခြေတစ်ခုပါ။ ဒါပေမဲ့လည်း ဝန်ထမ်းတစ်ယောက်ဟာ အကျိုးအကြောင်း မခိုင်လုံတဲ့ဆင်ခြေ အကြောင်းပြချက်ပေးပြီးတော့ အလုပ်မပြီးဘူးဆိုရင် အဲဒါက အဲဒီဝန်ထမ်းနဲ့ ဖြေရှင်းဆွေးနွေးရမယ့် ကိစ္စတစ်ခုဖြစ်လာနေပါပြီ။ ဝန်ထမ်းတစ်ယောက်အတွက် တစ်ခါနှစ်ခါလောက်ဆင်ခြေအကြောင်းပြချက်ပေးပြီး အလုပ်မပြီးမြောက်တာကတော့ အဆင်ပြေနေသေးပေမယ့် များလာရင်တော့ ထိန်းမရသိမ်းမရအခြေအနေ ဖြစ်သွားနိုင်ပါတယ်။

## 3 လုပ်ရမယ့် အလုပ်တစ်ခုကို နေ့ရွှေ့ညရွှေ့လုပ်နေခြင်း။

ဒီလိုမျိုးစရိုက်လက္ခဏာမျိုးက ဆင်ခြေပေးတာနဲ့ တစ်ပါတည်း တွဲနေတတ်ပါတယ်။ အချိန်တော်တော်များများမှာတော့ ဝန်ထမ်းတစ်ယောက်ယောက်ဟာအလုပ်တာဝန်တစ်ခုခုကို ဆင်ခြေပေးပြီးတော့ နေ့ရွှေ့ညရွှေ့လုပ်တတ်ကြပါတယ်။ ဒါပေမဲ့လည်း တစ်ခါတစ်ရံမှာတော့ အဲဒီဝန်ထမ်းဟာ သင်ခိုင်းလိုက်တဲ့ အလုပ်တစ်ခုကို သိပ်ပြီး အရေးမပါတဲ့ ကိစ္စလိုမျိုး လက်သင့်မခံဘဲပုတ်ထုတ်လိုက်တာမျိုးကိုသင်သတိထားမိနိုင်ပါလိမ့်မယ်။ အသေးအဖွဲကိစ္စတွေမှာတော့ အဲဒီစရိုက်လက္ခဏာက သိပ်ပြဿနာမရှိလှပေမယ့် အဲဒါမျိုးကအကျင့်တစ်ခုလိုဖြစ်နေပြီဆိုရင်တော့ သင် အဲဒီပြဿနာကို ရှင်းရပါလိမ့်မယ်။

## 4 ကိစ္စအားလုံးကို သူဌေးကပဲ လုပ်နေရခြင်း

အဲဒါကတော့ အကြောင်းရင်းနှစ်ခုထဲက တစ်ခုခုနဲ့သက်ဆိုင်နိုင်ပါတယ်။ ပထမအကြောင်းရင်းတစ်ခုကတော့ အလုပ်တစ်ခုပေါ်လာရင် အဲဒီအလုပ်က သူဌေးကိုယ်တိုင်လုပ်ရင်လုပ် ဒါမှမဟုတ်လည်းသူဌေးကအခြားတစ်ယောက်ယောက်ကိုပဲ ခိုင်းလိမ့်မှာပဲဆိုပြီး ဝန်ထမ်းတစ်ယောက်က တွေးရင်တွေးနေနိုင်ပါတယ်။ နောက်အကြောင်းရင်းတစ်ခုကတော့ ဝန်ထမ်းတစ်ယောက်ဟာ ဒီအလုပ်က ငါနဲ့ သိပ်မဆိုင်လှပါဘူး၊ ငါလုပ်လို့ လည်းရမှာမဟုတ်ဘူးဆိုပြီး တွေးချင်တွေးနေနိုင်ပါတယ်။ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် အဲဒီဝန်ထမ်းကတော့အလုပ်ထဲမှာ အလုပ်မဖြစ်တော့ပါဘူး။ သူဌေးကိုပဲ မှီခိုနေမယ် ဆိုရင်တော့ အဲဒါက အလုပ်ပြီးမြောက်နိုင်မှုကို ထိခိုက်နိုင်ပါတယ်။

## 5 အလုပ်ထဲမှာ ချီးကျူးခံရဖို့ အတွက်ပဲ စဉ်းစားခြင်း။

အဲဒါကဝန်ထမ်းတစ်ယောက်ယောက်ဟာ တကယ့်ကို အလုပ်အပေါ်မှာ အလေးမထားဘူးဆိုတာကို ပြသနေတဲ့ စရိုက်လက္ခဏာရပ်ပဲဖြစ်ပါတယ်။ အဲဒီလို ဝန်ထမ်းမျိုးဟာ ရေရှည်မှာ သူတို့နာမည်ကောင်းရဖို့အမှတ်ရဖို့ဆိုရင်အလုပ်ပြီးစီးမှ ဖြစ်မယ်ဆိုပြီး အမြဲစိုးရိမ်နေတတ်ကြပါတယ်။ အမှန်တကယ် အလုပ်ကို ပြီးမြောက်အောင် လုပ်ဖို့အတွက်ဆိုရင် သင့်အနေနဲ့ ကျရာတာဝန်ကိုတီထွင်ဖန်တီးနိုင်မှုတွေနဲ့ လုပ်ဆောင်ရမှာဖြစ်သလို ကိုယ့်ကိုခိုင်းထားတဲ့ တာဝန်တွေကို ပြီးစီးအောင်လုပ်ဆောင်ရမှာဖြစ်ပါတယ်။

## 6 အလုပ်တစ်ခုကို ပြီးအောင်လှုံ့ဆော်မှု (သို့)တွန်းအားပေးမှု မရှိခြင်း။

အထက်ဖော်ပြထားခဲ့တဲ့ လက္ခဏာရပ်တွေဖြစ်တဲ့ ဆင်ခြေပေးတာ၊ အလုပ်ကို နေ့ရွှေ့ညရွှေ့လုပ်တာ၊ စောဒကတက်တာ၊ အလုပ်ရှင်ကို အမြဲအနှောင့်အယှက်ဖြစ်စေတာ စတာတွေကို ဝန်ထမ်းတွေက လုပ်နေတယ်ဆိုရင် အဲဒီဝန်ထမ်းတွေဟာ အလုပ်တစ်ခုလုပ်ဖို့ တစ်ယောက်ယောက်က နောက်ကနေ လှုံ့ဆော်ပေးတာမျိုး ဒါမှမဟုတ် တွန်းအားပေးတာမျိုးတွေ မရှိကြလို့လားဆိုပြီး သင်ပြောချင် ပြောနိုင်ပါတယ်။ ဝန်ထမ်းတစ်ယောက်က ကုမ္ပဏီအပေါ်မှာ အလေးထားမှုမရှိဘူးဆိုတာနဲ့ သူက အလုပ်ဖြစ်အောင် မလုပ်နိုင်တော့ဘူးလား၊ တချို့ကိစ္စရပ်တွေမှာတော့နောက်ကနေတွန်းအားပေးတာမျိုးနဲ့ လှုံ့ဆော်ပေးတာမျိုးမရှိလို့ပဲ ဖြစ်ပါတယ်။

## 7 တစ်ဦးချင်း တိုးတက်မှုနဲ့ အမှတ် လက္ခဏာရပ် ကျဆင်းလာနေခြင်း။

ဝန်ထမ်းတွေဟာ သူတို့ရဲ့လက်ရှိအလုပ်တွေမှာ ကျေနပ်သာယာနေတဲ့ အချိန်မျိုးမှာ အဲဒါမျိုးဖြစ်တတ်ပါတယ်။ အဲဒီဝန်ထမ်းတွေဟာ စောဒကမတက်၊ ဆင်ခြေမပေးဘဲ သူတို့ယူထားတဲ့တာဝန်တွေကို ပုံမှန်လုပ်နေတာ၊ တစ်ခါတစ်ခါမှာ သူတို့ဘာသာ ပြဿနာရပ်တွေကို ရှင်းတတ်တာမျိုးတွေ လုပ်ချင်လုပ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့အမှတ်လက္ခဏာပုံရိပ်နဲ့ တိုးတက်မှုတွေ လျော့ကျလာနေပြီဆိုရင်တော့ အလုပ်တွေက မထူးဆန်းတော့သလို ပုံမှန်မလုပ်ချင်လည်း လုပ်နေရတဲ့ အလုပ်တွေလိုဖြစ်လာပါတယ်။ အလုပ်တစ်ခုကို ဖြစ်မြောက်အောင် လုပ်နိုင်တယ်ဆိုတဲ့ အရည်အချင်းမှာ ကျွမ်းကျင်မှုအသစ်တွေကို လေ့လာသင်ယူတာမျိုး ပါဝင်ပါတယ်။ အဲဒီ ကျွမ်းကျင်မှုအသစ်တွေကို မသင်ယူနိုင်ဘူးဆိုရင်တော့ ထုတ်လုပ်နိုင်မှုလည်း ရှိတော့မှာမဟုတ်တော့ပါဘူး။

## ကောက်နုတ်ချက်

သင်အထက်မှာ တွေ့ခဲ့တဲ့အတိုင်း ဖော်ပြထားခဲ့တဲ့ စရိုက်လက္ခဏာရပ် အတော်များများက တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေတာ၊ အတူတွဲနေတာတွေကို တွေ့နိုင်ပါတယ်။ အဲဒါတွေက ဆင့်ကဲဖြစ်စဉ်လိုပါပဲ၊ အထက်ပါစာရင်းထဲမှာ ပြသထားတဲ့ လက္ခဏာရပ် သုံးလေးခု ရှိနေတဲ့ ဝန်ထမ်းတစ်ယောက်ဟာ အလုပ်ဖြစ်အောင် မလုပ်နိုင်ဘူးဆိုတာကိုသင်သိရှိသွားပါလိမ့်မယ်။ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ သင်အကောင်းဆုံးလုပ်နိုင်မယ့်ကိစ္စကတော့ အထက်ပါ ဉာဏ်လက္ခဏာရပ်တွေကို ရှာဖွေဖော်ထုတ်ပြီးတော့ ဝန်ထမ်းတွေကို ပြန်ပြီး လှုံ့ဆော်ပေးနိုင်ဖို့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ■

# Foundation Certificate in Business and English သင်တန်းဖွင့်လှစ်မည်

SFJ Team

**Strategy First Institute** မှာတက္ကသိုလ်ဝင်တန်းဖြေဆိုထားတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက်အင်္ဂလိပ်စာ၊စီးပွားရေးဗဟုသုတ၊ လူမှုဆက်ဆံရေး၊ဦးဆောင်မှုစွမ်းရည်များပေါင်းစပ်သင်ကြားပေးမယ့် Foundation Certificate in Business and English သင်တန်းကို ဧပြီ (၂၅) ရက်မှာ စတင်ဖွင့်လှစ်ပြီး နောက်ဖွင့်မယ့် batch အသစ်တွေကိုလည်း ပုံမှန်ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။

သင်တန်းမှာအင်္ဂလိပ်စာကျွမ်းကျင်မှုအပြင် စီးပွားရေးလုပ်ငန်းလည်ပတ်ပုံများ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတများ အစုံအလင်ရရှိနိုင်မယ့် Introduction to Business အတန်း၊ လူငယ်များရဲ့ဦးဆောင်မှုစွမ်းရည်များကို မြင့်မားလာစေမယ့် Leadership Skills, Interpersonal Skills, Presentation Skills စတဲ့ Soft Skills for Business ဘာသာရပ်များကို ပြည်တွင်း၊ ပြည်ပမှ ဆရာ၊ ဆရာမများမှ သင်ကြားပေးသွားမှာဖြစ်ပါတယ်။



Foundation Certificate in Business and English သင်တန်းပြီးဆုံးပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့အခါမှာ UK တက္ကသိုလ်ပထမနှစ်နဲ့ ညီမျှတဲ့ NCC Diploma in Business (Level 4) သင်တန်းကို ဆက်လက်တက်ရောက်နိုင်မှာဖြစ်ပါတယ်။

သင်တန်းကာလမှာ ဧပြီ (၂၅) ရက်နေ့မှ ဇွန်လ (၁၇) ရက်နေ့ထိဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့ မနက် (၉) နာရီမှ နေ့လယ် (၁၂) ထိတက်ရောက်ရမှာဖြစ်ပါတယ်။

အင်္ဂလိပ်စာ အတန်းများ တက်ရောက်ရန်အတွက် Level Test ကိုအခမဲ့ဖြေဆိုရမှာဖြစ်ပြီး အင်္ဂလိပ်စာကျွမ်းကျင်မှုအတွက် Level Test မှ ရရှိသော အဆင့်အလိုက် အတန်းကို တက်ရမှာဖြစ်ပါတယ်။ သင်တန်းကြေးမှာ (၂) သိန်းကျပ်ဖြစ်ပါတယ်။

အသေးစိတ်သိရှိလိုပါက **Strategy First Institute** Campus (၁) အမှတ် (၈) မြေညီထပ်၊ ပန်းခြံတာဝါ၊ Campus (2) အမှတ် (၂၃၉) ပြည်လမ်းနှင့် စမ်းချောင်းလမ်းထိပ်၊ စမ်းချောင်းမြို့နယ်။ ဖုန်းနံပါတ် (၀၉) ၂၅၀၇၁၇၁၆၆ - ၆၈နှင့် info@mystrategyfirst.com သို့ ဆက်သွယ်နိုင်ပါတယ်။

TRAVEL

# ကရင်ပြည်နယ်က ရေတံခွန်ဆီသို့

SFJ Team

ရန်ကုန်မြို့ကနေ နေ့ချင်းပြန် တစ်ရက်တာ အနားယူ အပန်းဖြေခရီး သွားရောက်ချင်တယ်ဆိုရင် သာယာလှပတဲ့ ရေတံခွန်၊ တောတောင်ရေမြေတည်ရှိရာ ကရင်ပြည်နယ်က ရေတံခွန်ကို လမ်းညွှန်ပါရစေ။

ရန်ကုန်မြို့ကနေ ခဏတာသွားရောက်နိုင်ပြီး ကုန်ကျစရိတ်သက်သာပြီး အချိန်ကုန်သက်သာတဲ့ ကရင်ပြည်နယ်အတွင်းရှိ ကျိုက်ထော်ရေတံခွန်ဆီကို သွားရောက်အပန်းဖြေအနားယူနိုင်ကြပါတယ်။



ကျိုက်ထော်ရေတံခွန်က ကရင်ပြည်နယ်၊ မြိုင်ကြီးငူအထူးဒေသအတွင်းမှာတည်ရှိပါတယ်။ ယမန်နှစ်ကမှ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ခွင့်ပြုချက်ရရှိလာတာကြောင့် ရန်ကုန်မြို့အခြေစိုက် ခရီးသွားလုပ်ငန်းတွေက နေ့ချင်းပြန်ခရီးစဉ်တစ်ခုအဖြစ် ပြေးဆွဲနေကြတာဖြစ်ပါတယ်။ မြိုင်ကြီးငူအထူးဒေသဟာ ယခင်က ခရီးသွားများအနေနဲ့ သွားရောက်လည်ပတ်ဖို့ အဆင်မပြေခဲ့ပေမယ့် ယမန်နှစ်က စတင်ပြီး မည်သူမဆို သွားရောက်လည်ပတ်နိုင်တဲ့အထိ ခွင့်ပြုပေးခဲ့ပါတယ်။

ဒါကြောင့် ခရီးစဉ်အသစ်အဆန်းတစ်ခုလို ဖြစ်တဲ့ ကျိုက်ထော်ရေတံခွန်ကို ခရီးသွားတွေ သွားရောက်လည်ပတ်မှုတွေ များပြားခဲ့ပါတယ်။ ယခင်တုန်းက လူသူသွားလာမှုနည်းပါးပြီး သဘာဝအတိုင်းတည်ရှိနေတဲ့ ကျိုက်ထော်ရေတံခွန်က မြို့ပြရဲ့ မွန်းကျပ်မှု၊ ပူလောင်မှုတွေကြားကနေ အနားယူအပန်းဖြေလိုတဲ့ ခရီးသွားများအတွက် ဆွဲဆောင်ရာနေရာ ဖြစ်လာလို့နေပါတယ်။

ကျိုက်ထော်ရေတံခွန်ခရီးစဉ်ကို သွားရောက်ဖို့အတွက် ရန်ကုန်မြို့ကနေ ညပိုင်းမှာ စတင်ထွက်ခွာမှာဖြစ်ပြီး ကရင်ပြည်နယ်ရဲ့မြို့တော် ဘားအံကို နံနက်ခင်းမှာ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ခရီးစဉ်အတွင်း ဘားအံမြို့ရှိအထင်ကရ တန်ခိုးကြီး ဘုရားများကိုလည်း ဖူးမြော်ရမှာဖြစ်ပါတယ်။ ဘားအံမြို့ကနေ ကျိုက်ထော်ရေတံခွန်ကို ဆက်လက်သွားရောက်မှာ ဖြစ်ပါတယ်။ ကျိုက်ထော်ရောက်ရှိရင် သဘာဝရေမြေရဲ့စိမ်းစိမ်းစိုစို သာယာလှပမှုကိုခံစားနိုင်မှာဖြစ်ပြီး ရေတံခွန်မှာ ရေကစားရင်း အနားယူအပန်းဖြေနိုင်မှာ ဖြစ်ပါတယ်။

ကျိုက်ထော်ရေတံခွန်ခရီးစဉ်အတွင်းမှာ ကပ်ကျော်၊ ဘေးကျော် ကျောက်ကလပ်စေတီကိုလည်း ဝင်ရောက် ဖူးမြော်ဦးမှာဖြစ်ပါတယ်။ ဒေသခံတွေက စေတီကိုဖူးမြော်ရင် ဘေးကျော်၊ ကပ်ကျော်ဖြစ်စေတယ်လို့အယူအဆရှိပါတယ်။ ဒ့ါပြင် ကော့ကွန်းဂူနဲ့ ဆဒ္ဒန်ဂူတွေဘက်ကိုလည်း သွားရောက်လည်ပတ်ဦးမှာ ဖြစ်ပါတယ်။

ရန်ကုန်ကနေ နေ့ချင်းပြန် ကျိုက်ထော်ခရီးစဉ်က တစ်ဦးကို ကျပ် ၃၅၀၀၀ ဝန်းကျင်ဈေးနှုန်းရှိပြီး ရေတံခွန်မှာ အပန်းဖြေအနားယူနိုင်မှာဖြစ်သလို ကရင်ပြည်နယ်ရှိ တန်ခိုးကြီးဘုရား၊ စေတီတွေကိုလည်း ဖူးမြော်နိုင်မှာ ဖြစ်ပါတယ်။

■

# Abraham Maslow (1908-1970)



ciful um f

ဒီတစ်ပတ် **Strategy First** ရဲ့ Thinker's Profile ကဏ္ဍမှာ ဖော်ပြဖို့ ရွေးချယ်ထားသူကတော့ Maslow's Hierarchy of Need သီအိုရီကိုရေးသားခဲ့သူ Abraham Maslow ဖြစ်ပါတယ်။ သူဟာ ဂျူးဘာသာဝင်၊ အမေရိကန်လူမျိုး စိတ်ပညာရှင်တစ်ယောက်ဖြစ်ပါတယ်။ Maslow ကို ၁၉၀၈ ခု ဧပြီလ (၁) ရက်နေ့ ဘရွန်ကလင်မြို့မှာ မွေးဖွားခဲ့ပြီး ၁၉၇၀ ခုနှစ်မှာ သေဆုံးခဲ့ပါတယ်။






သူ့ရဲ့ကလေးဘဝဟာအစစအရာရာအဆင်ပြေချောမွေ့နေခဲ့တာတော့မဟုတ်ပါဘူး။ မိဘများထံမှဂရုစိုက်မှုကိုမရရှိခဲ့တဲ့အပြင် ဂျူးဘာသာဝင်တစ်ယောက်ဖြစ်တဲ့အတွက် အခြားကလေးတွေရဲ့ခွဲခြားဆက်ဆံခြင်းကို ခံခဲ့ရပါတယ်။ ဒီလိုအခက်အခဲတွေကနေ ရုန်းထွက်လွတ်မြောက်ဖို့ စာကြည့်တိုက်ဟာ သူ့ရဲ့နားခိုစရာဖြစ်လာပြီး စာဖတ်ခြင်းအလေ့အကျင့်ရရှိခဲ့ပါတယ်။ အထက်တန်းကျောင်းမှာလည်း ဘာသာရပ်ဆိုင်ရာအဖွဲ့အစည်းများစွာရဲ့အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပါသေးတယ်။

အထက်တန်းကျောင်းပြီးတဲ့အခါ ဘာသာရပ်ရွေးချယ်ရာမှာ ဖခင်ဖြစ်သူရှေ့နေကို အားကျစိတ်နဲ့ ရှေ့နေလုပ်ဖို့အတွက် ရွေးချယ်ခဲ့ပါတယ်။ ဒါပေမဲ့ ဥပဒေပညာရပ်ဟာ သူနဲ့ကိုက်ညီမှုမရှိတဲ့အတွက် စိတ်ပညာကိုပြောင်းလဲလေ့လာခဲ့ပါတယ်။ စိတ်ပညာနဲ့ပတ်သက်တဲ့ လေ့လာမှုများကို ဆောင်ရွက်ရာမှ Humanistic Psychology မှာ အရေးပါသူဖြစ်ခဲ့ပါတယ်။ Journal of Humanistic Psychology ကို စတင်တည်ထောင်ခဲ့သူလည်းဖြစ်ပါတယ်။

ကျောင်းတက်နေစဉ် သူ့အားကျခဲ့သူတွေကတော့ Alfred Adler, Max Wertheimer နဲ့ မနုဿဗေဒပညာရှင် Ruth Benedict စတဲ့သူတွေဖြစ်ပါတယ်။ Alfred Adler ဟာ လူတစ်ဦးတစ်ယောက်ချင်းစီကို သီးခြားရှုမြင်သင့်တယ်ဆိုတဲ့ အယူအဆရှိတဲ့ Individual Psychology ကိုစတင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ သူတို့ရဲ့အယူအဆတွေကို လေ့လာသင်ယူရင်း Maslow ဟာ စိတ်ကျန်းမာပျော်ရွှင်မှု အခြေအနေနဲ့ လူတွေရဲ့အလားအလာအကြောင်းကို လေ့လာတဲ့လေ့လာမှုတစ်ခုကိုစတင်ခဲ့ပါတယ်။

၁၉၄၃ ခုနှစ်မှာ "A Theory of Human Motivation in Psychological Review" ဆိုတဲ့ သီအိုရီတစ်ခုကို သူ့ရဲ့စာတမ်းမှာ စတင်တင်ပြခဲ့ပါတယ်။ လူတွေမှာ သီးခြားလိုအပ်ချက်တွေရှိကြပြီး ထိုလိုအပ်ချက်များ ပြည့်စုံရင် စိတ်ကျေနပ်မှုရရှိကြတယ်လို့ Hierarchy of Needs သီအိုရီမှာဖော်ပြထားပါတယ်။

ဒီလိုအပ်ချက်များကို အုပ်စု ငါးခုခွဲပြီး လေ့လာခဲ့ပါတယ်။ လိုအပ်ချက်များဟာ အဆင့်လိုက်ရှိပြီး မိမိတို့မရရှိသေးတဲ့အရာအတွက် ကြိုးစားလုပ်ကိုင်လိုကြတယ်လို့ဆိုထားပါတယ်။

လေ့လာသူတချို့က Maslow ရဲ့သီအိုရီဟာ သူ့ရဲ့ကိုယ်ပိုင်စိတ်ခံစားမှု၊ သုံးသပ်ချက်တွေများစွာ ပါဝင်လွန်းတယ်လို့လည်း ထောက်ပြကြပါတယ်။ သူ့သီအိုရီဟာလိုအပ်ချက်အနည်းငယ်ရှိတယ်လို့လည်း ဆိုကြပါတယ်။ ဒါပေမဲ့ Maslow ရဲ့ Hierarchy of Needs သီအိုရီဟာဆိုရင် လူမှုဝန်းကျင်ဗေဒ၊ စီမံခန့်ခွဲမှုပညာ၊ စိတ်ပညာ၊ စိတ်ရောဂါပညာ စတဲ့ ဘာသာရပ်အသီးသီးရဲ့ သင်ကြားရေးနဲ့ လေ့လာရေးမှာ ထင်ရှားတဲ့၊ အသုံးဝင်တဲ့ အခြေခံသီအိုရီတစ်ခုဖြစ်ပါတယ်။

ဒါကြောင့် လူတွေရဲ့ Motivation ကို လေ့လာတဲ့ အခြေခံကျတဲ့ သီအိုရီဖြစ်တဲ့ Hierarchy of Needs သီအိုရီကိုရေးသားခဲ့သူ Abraham Maslow အကြောင်းကို **Strategy First** ရဲ့ Thinker's Profile ကဏ္ဍမှာ ဖော်ပြပေးလိုက်ရခြင်းဖြစ်ပါတယ်။

■

# The New Shop Floor Management



x|aZmfa0

မင်္ဂလာအပေါင်းနဲ့ခညောင်းပြီး ပျော်ရွှင်ချမ်းမြေ့စရာ ကောင်းသောနှစ်သစ်အခါသမယ ဖြစ်ပါစေ **Strategy First** မှစာဖတ်ပရိသတ်များခင်ဗျာ။

ယခုအပတ် စာဖတ်ပရိသတ်များကို မိတ်ဆက်ပေးချင်တဲ့စာအုပ်ကတော့ နှစ်သစ်မှာလုပ်ငန်းသစ်လုပ်လိုသူများနဲ့ လက်ရှိစီးပွားရေးလုပ်နေသောလုပ်ငန်းရှင်များ လုပ်ငန်းခွင်မှာ ကြုံတွေ့နေရတဲ့လုပ်ငန်းများကို နှောင့်နှေးစေတဲ့ ပြဿနာတွေကိုဖြေရှင်းရမယ့်နည်းလမ်းများကို ဖော်ပြထားတဲ့ Kiyoshi Suzaki ရဲ့ ခေတ်သစ်လက်တွေ့လုပ်ငန်းခွင်စီမံခန့်ခွဲမှု – The New Shop Floor Management စာအုပ်ဖြစ်ပါတယ်။




စာရေးဆရာ Kiyoshi Suzaki ဟာ Suzaki & Company မှ ဥက္ကဋ္ဌဖြစ်ပြီး နိုင်ငံတကာမှအသိအမှတ်ပြုစီးပွားရေးတိုင်ပင်အကြံပေး အပြင် ထုတ်လုပ်မှုယှဉ်ပြိုင်မှုစွမ်းရည် တိုးတက်အောင် ပညာပေးသူအဖြစ် နိုင်ငံပေါင်း ၂၀ ကျော်မှာရှိတဲ့ ကုမ္ပဏီပေါင်း ၁၀၀ ကျော်မှာ တိုင်ပင်အကြံပေးပြီး အလုပ်လုပ်ခဲ့သူလည်း ဖြစ်ပါတယ်။

ခေတ်သစ်ထုတ်လုပ်မှုလုပ်ငန်းများအတွက် စိန်ခေါ်မှုများ – The New Manufacturing Challenge ဆိုတဲ့ စာအုပ်ကိုလည်း ၁၉၈၇ မှာ ထုတ်ခဲ့ပါသေးတယ်။

ယခုစာအုပ်မှာ လက်တွေ့ စီးပွားရေးလုပ်ငန်းခွင်များမှာဖြစ်ပေါ်နေသောပြဿနာများကို ပြေလည်စေမယ့် နည်းလမ်းများဖြစ်တဲ့ Genba-Oriented Thinking, Glass Wall Management, Wooden Pail Theory, Managing Time on the Shop Floor, Business Planning for Self-Management, The Audit Process စတဲ့ စိတ်ဝင်စားစရာကောင်းပြီး လက်တွေ့မှာ ပြန်လည်အသုံးချနိုင်မယ့်ခေါင်းစဉ်များအပြင်အခန်း ၁၂ခန်း၊ Appendices မှာလည်းလက်တွေ့မှာ ချက်ချင်း ပြန်လည်အသုံးချနိုင်တဲ့ အချက်များလည်း ပါရှိပါတယ်။ ဒါကြောင့် နှစ်သစ်မှာ မိမိတို့လုပ်ငန်းခွင်ကို ယခင်ထက် ပိုမိုကောင်းမွန်အောင် ပြုပြင်ပြီး စနစ်မကျဘဲ ပြဿနာတွေကြုံတွေ့နေရတဲ့အချက်များကိုပြေလည်အောင်ဖြေရှင်းနိုင်ပြီးနှစ်သစ်မှာလုပ်ငန်းများပိုမိုအဆင်ပြေတိုးတက်လာနိုင်ဖို့ ဆုမွန်ကောင်းတောင်းကာ တင်ပြလိုက်ရပါတယ်။

■

## မြန်မာ့စက်မှုဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး IFC က ကန်ဒေါ်လာသန်း ၄၀ ထုတ်ချေးပေး

မြန်မာ့စက်မှုဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် IFC (အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း) က ကန်ဒေါ်လာသန်း ၄၀ ထုတ်ချေးပေးထားတယ်လို့ ထုတ်ပြန်လိုက်ပါတယ်။

နိုင်ငံအတွင်းအကြီးဆုံးဆိပ်ကမ်း (၂) ခုမှာ ပါဝင်တဲ့ ယင်းဆိပ်ကမ်းဝန်ဆောင်မှုတွေ ပိုမိုတိုးတက်စေဖို့နဲ့ ဆိပ်ကမ်းချဲ့ထွင်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ အဆိုပါချေးငွေ ထောက်ပံ့ပေးခြင်းဖြစ်တယ်လို့ သိရပါတယ်။

IFC ရဲ့တာဝန်ရှိသူ Mr Hyun Chan Cho " IFC ရဲ့ချေးငွေတွေက သယ်ယူပို့ဆောင်ရေးအဆောက်အဦ လိုအပ်ချက်ရှိနေတဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ ပိုပြီးကောင်းမွန်လာစေမှာပါ" လို့ ဆိုပါတယ်။

သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေမှာ အထောက်အကူပြုစေဖို့ IFC အနေနဲ့ ချေးငွေကန်ဒေါ်လာ သန်း ၂၀၀ ကို ထုတ်ချေးပေးဖို့ရှိနေပြီး အခုထောက်ပံ့ငွေက ယင်းရဲ့အစိတ်အပိုင်းတစ်ခု ဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ **SFJ Team**

## အခုနှစ်သင်္ကြန်တွင်း နယ်ဝေး ရထားဖြင့် ခရီးသွားလာမှု ပိုမိုတိုးလာခဲ့



အခုနှစ်သင်္ကြန်တွင်း နယ်ဝေးရထားဖြင့်ခရီးသွားလာမှုပိုမိုတိုးတက်လာခဲ့တယ်လို့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ရန်ကုန်ဘူတာကြီး တာဝန်ရှိသူတွေထံက သိရပါတယ်။

ရုံးပိတ်ရက်ကာလ နယ်ဝေးအထူးအမြန်ရထားခရီးစဉ်တွေ ပြေးဆွဲရမှာ တွဲဆိုင်းအရေအတွက်နဲ့ ဝန်ဆောင်မှုပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးခဲ့တာကြောင့် အခုနှစ် ရထားစီးခရီးသည်အရေအတွက်ကတစ်နေ့ကို ကိုးထောင်ဝန်းကျင်အထိ ရှိနေပြီး ပုံမှန်ရက် ရထားစီးနင်းသူအရေအတွက်ထက် (၃) ဆနီးပါးမြင့်တက်ခဲ့တာဖြစ်ပါတယ်။

ရန်ကုန်ဘူတာကြီး တာဝန်ရှိသူက " ပုံမှန်ရက်ဆိုရန်ကုန် - မန္တလေး ရထားစီးသူက သုံးထောင်လောက်ပဲရှိတယ်၊ သင်္ကြန်ရုံးပိတ်ရက်မှာ ကိုးထောင်လောက်အထိ ရှိခဲ့တယ်၊ ခရီးသည်များလာတဲ့အမျှ ကျွန်တော်တို့ဘက်ကလည်း ရထားခရီးစဉ်အခေါက်ရေကိုတိုးမြှင့်ပေးခဲ့ပါတယ်" လို့ ပြောပါတယ်။ ဒီအရေအတွက် အရင်နှစ်သင်္ကြန်တွင်း ရထားစီးနင်းမှုထက် တစ်နေ့ကို စီးနင်းသူ တစ်ထောင်ကျော်အထိတိုးတက်ခဲ့တာဖြစ်ပါတယ်။

## ထိုင်းအခြေစိုက် Mega Lifescineces ဆေးဝါးကုမ္ပဏီက မြန်မာနှင့် ထိုင်းနိုင်ငံတို့တွင် လုပ်ငန်းများတိုးချဲ့ရန်စီစဉ်

ထိုင်းစတော့အိတ်ချိန်းမှာ စာရင်းသွင်းထားတဲ့ Mega Lifesciences Plc ဆေးဝါးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီဟာ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတွေမှာရှိတဲ့ ယင်းရဲ့ လုပ်ငန်းတွေကို တိုးချဲ့ဖို့အတွက် ယခုနှစ်အတွင်းဘတ်သန်းပေါင်း၈၂၀ အထိ အသုံးပြုသွားမှာဖြစ်တယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြပါတယ်။ ရေရှည်ကာလမှာလုပ်ငန်းဆက်လက်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ယခုလိုတိုးချဲ့ရေးအစီအစဉ်တွေလုပ်ဆောင်ဖို့ကြိုးပမ်းလာတာလည်းဖြစ်ပါတယ်။

ယင်း ရန်ပုံငွေတွေအနက်က ဘတ် သန်းပေါင်း ၁၂၀ ကို ဆာရာဘူရီခရိုင်မှာကျန်းမာရေးစင်တာသစ်တစ်ခု တည်ဆောက်နေရာမှာ ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပြီးတော့နောက်ထပ် ဘတ်သန်း၁၆၀ကိုတော့ဘန်ပူးစက်မှုဇုန်အတွင်းမှာရှိတဲ့ ယင်းရဲ့ စက်ရုံဘေးက အကျယ်အဝန်း ၁၇ ဒသမ ၂ rai( 1 Raiသည်စတုရန်းမီတာ၁,၆၀၀ နှင့်ညီမျှသည်) ရှိတဲ့မြေကွက်တစ်ခုကို ဝယ်ယူတဲ့နေရာမှာ အသုံးပြုသွားမှာဖြစ်တယ်လို့ ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ် ဗိုင်ဗက်ဒါဝန်က ပြောသွားပါတယ်။ **ဘန်ကောက်ပို့စ်**

## အချိုရည်ထက် အခြားထုတ်ကုန်များကိုလည်း အားပြုသွားရန် PepsiCo ပြင်ဆင်လာနေ

လာမယ့်ကာလတွေမှာကုမ္ပဏီရဲ့ ထုတ်ကုန်ပစ္စည်းပိုင်းကို ပုံစံအသစ်နဲ့ ပြောင်းလဲတိုးချဲ့ထုတ်လုပ်သွားဖို့ရှိနေပြီးတော့ လက်ရှိ ရောင်းချနေတဲ့ ကိုလာအချိုရည်တစ်မျိုးတည်းအပေါ်မှာ မှီခိုနေရမှုကို လျှော့ချသွားတော့မယ်ဆိုပြီး ပက်စီကုမ္ပဏီ PepsiCo ရဲ့ စီအီးအိုအင်ဒရာနူရီ (Indra Nooyi) က ပြောကြားလိုက်ပါတယ်။ ကုမ္ပဏီအနေနဲ့ အချိုရည်တစ်မျိုးတည်းကိုပဲ အဓိကအားထားထုတ်လုပ်သွားတော့မှာမဟုတ်ဘူးလို့ ၎င်းကပြောလိုက်ခြင်းဖြစ်ပါတယ်။

လက်ရှိအချိန်မှာ Frito-Lay Snacks မုန့်၊ Mountain Dew အအေး၊ Naked Juices ဖျော်ရည်နဲ့ ကွေကာအုပ်တွေကိုထုတ်လုပ်နေတဲ့ Pepsi ကုမ္ပဏီဟာဆိုရင် ကမ္ဘာ့တစ်ဝန်း ယင်းရဲ့ အချိုရည်ရောင်းချရမှုက ၂၅ ရာခိုင်နှုန်းထက် မများခဲ့ဘူးဆိုပြီး အင်ဒရာက ဆိုပါတယ်။

လက်ရှိအချိန်မှာတော့ ဈေးကွက်ထဲမှာ ယှဉ်ပြိုင်မှုတွေ ပိုမိုပြင်းထန်လာနေတာနဲ့ အမေရိကန်လိုမျိုးဈေးကွက်တွေမှာ ယင်းရဲ့ ပုံရိပ်ကျဆင်းလာနေတာတွေနဲ့အတူ ကမ္ဘာ့အကြီးဆုံး အချိုရည်အမှတ်တံဆိပ်ကုမ္ပဏီအတွက် ဖိအားတွေအောက်ကျရောက်လာနေတာကြောင့်ယခုလို Pepsi အကြီးအကဲရဲ့သဘောထားမှတ်ချက်တွေထွက်ပေါ်လာတာလည်းဖြစ်ပါတယ်။

**ဘန်ကောက်ပို့စ်**

## Pfizer နဲ့ Allegan ကုမ္ပဏီတွေရဲ့ ပူးပေါင်းမယ့်အစီအစဉ်ပျက်ပြား

သမ္မတအိုဘားမားဦးဆောင်တဲ့ အစိုးရအဖွဲ့က နိုင်ငံရဲ့အခွန်စည်းမျဉ်းပိုင်းမှာ အပြောင်းအလဲလုပ်ဖို့ ကြိုးပမ်းလုပ်ဆောင်လာခဲ့တဲ့ နောက်မှာတော့ အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နဲ့ အိုင်ယာလန် အခြေစိုက် Allergan Plc ကုမ္ပဏီတို့အကြား ပူးပေါင်းမယ့်အစီအစဉ်လည်း ပျက်ပြားသွားခဲ့ရတယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြပါတယ်။

အမေရိကန်နိုင်ငံရဲ့ အခွန်နှုန်းထားကြီးမြင့်နေမှုကို ရှောင်လွှဲနိုင်ဖို့အတွက် ပြည်တွင်းစီးပွားရေးကုမ္ပဏီတွေဟာ အခွန်နှုန်းထားသက်သာတဲ့ ပြည်ပနိုင်ငံတွေမှာသွားရောက်ပြောင်းရွှေ့လုပ်ကိုင်ဖို့ စီစဉ်တဲ့ ကိစ္စရပ်မျိုးတွေကို သမ္မတအိုဘားမား ဦးဆောင်တဲ့အစိုးရအဖွဲ့ထိန်းချုပ်ကန့်သတ်ဖို့ လုပ်ဆောင်လာခဲ့တာဖြစ်ပါတယ်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အထက်ပါကဲ့သို့ အခွန်စည်းမျဉ်းပိုင်းမှာ ထိန်းချုပ်ဖို့လုပ်ဆောင်နေတာကြောင့် ယခုလို အိုင်ယာလန်ကုမ္ပဏီနဲ့ ပူးပေါင်းမယ့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ရတာဖြစ်တယ်လို့ Pfizer ကုမ္ပဏီက ပြောပါတယ်။

**CNA**

## စင်ကာပူမှာ ယမန်နှစ်က အလုပ်ပြုတ်သူ အရေအတွက်များပြားခဲ့

ယမန်နှစ် ၂၀၁၅ ခုနှစ်တုန်းက စင်ကာပူနိုင်ငံမှာ အလုပ်တွေကနေ ထုတ်ပယ်အနားပေးခြင်းခံရသူဦးရေဟာ ယခင်နှစ်တွေထက် ပိုမိုများပြားလာခဲ့ပြီးတော့ အလုပ်ပြုတ်သွားကြသူတွေထဲက အများစုဟာ သက်ကြီးဝန်ထမ်းလုပ်သားတွေ ဖြစ်ကြတယ်ဆိုပြီးစင်ကာပူလူ့စွမ်းအားဝန်ကြီးဌာန MOMကထုတ်ပြန်တဲ့အချက်အလက်တွေအရ သိရပါတယ်။

ဧပြီ ၂၀ ရက်က ထုတ်ပြန်ခဲ့တဲ့ MOM ရဲ့ကိန်းဂဏန်းတွေ အရတော့ ယမန်နှစ်တွင်းက နိုင်ငံမှာ စုစုပေါင်း လုပ်သားဦးရေ ၁၅,၅၈၀ ဟာ သက်ဆိုင်ရာ အလုပ်တွေကနေ ထုတ်ပယ်ခံခဲ့ရပြီး ယခင်အစောပိုင်း တစ်နှစ်က ဦးရေ ၁၂,၉၃၀ ထက် များပြားသွားခဲ့တာကို တွေ့ရပါတယ်။

အလုပ်ဖြုတ်ခံလိုက်ရသူတွေထဲက ၆၅ ရာခိုင်နှုန်းက အသက် ၄၀ နဲ့အထက်အရွယ်ရှိတဲ့ လုပ်သားဝန်ထမ်းကြီးတွေဖြစ်ခဲ့ပါတယ်။ **CNA**

## မစ်ဆူဘီရှီကားကုမ္ပဏီရဲ့အစုရှယ်ယာတန်ဖိုးကျဆင်း




ဂျပန် မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်တဲ့မစ်ဆူဘီရှီ(Mitsubishi) က ယင်းရဲ့ထုတ်လုပ်ထားခဲ့တဲ့ ကားစီးရေပေါင်း ၆၀၀,၀၀၀ ကျော်မှာ လောင်စာဆီသုံးစွဲမှုဆိုင်ရာ စမ်းသပ်ချက် အချက်အလက်တွေနဲ့ ပတ်သက်ပြီးတော့မမှန်မကန်လုပ်ဆောင်ဖော်ပြထားခဲ့တယ်ဆိုပြီး ဧပြီ ၂၀ ရက်မှာ ထုတ်ဖော်ဝန်ခံသွားပါတယ်။ တိုကျို စတော့ဈေးကွက်မှာ စာရင်းဝင်ထားတဲ့ အဆိုပါကားကုမ္ပဏီဟာ ယခင် အစောပိုင်းတစ်ရက်ကတည်းက ယင်းမမှန်မကန် လုပ်ဆောင်ထားတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်ခဲ့တဲ့နောက်ပိုင်းအစုရှယ်ယာဈေးနှုန်းတွေလည်း ထိုးကျထားခဲ့ပါတယ်။

ယခုလို လောင်စာဆီသုံးစွဲမှု စမ်းသပ်ချက်ပိုင်းမှာ မှန်ကန်စွာ လုပ်ဆောင်ထားခြင်းမရှိခဲ့တဲ့ ကားမော်ဒယ်တွေကိုထုတ်လုပ်မှုရောင်းချမှုပိုင်းကိုပါလောလောဆယ်ရပ်ဆိုင်းထားမှာဖြစ်တယ်လို့ဂျပန်ကားကုမ္ပဏီက ပြောပါတယ်။ ယင်းကားတွေထဲမှာတော့ နိုင်ငံတွင်းမှာ ရောင်းချထားခဲ့တဲ့ ကားငယ်တွေ ပါနေခဲ့ပြီးတော့ ပြည်ပကို ရောင်းချထားခဲ့တဲ့ ကားတွေကိုလည်း စစ်ဆေးသွားရဦးမှာဖြစ်ပါတယ်။ **CNA**

# Two Reasons Companies Fail And How To Avoid Them

## oD

STRATEGY FIRST TIMES ရဲ့ Ted Talk ကဏ္ဍ Ted.com ကကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore ၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာဖော်ပြမှာကတော့ Knut Haanaes ဆိုတဲ့စီးပွားရေးပညာရှင်တစ်ဦးရဲ့ Two Reasons Companies Fail And How To Avoid Them ဆိုတဲ့ ဗီဒီယိုပဲဖြစ်ပါတယ်။



“ကုမ္ပဏီတွေ ဆုံးရှုံးရတဲ့အကြောင်း (၂) ခုရှိပါတယ်။ ပထမတစ်ခုက တစ်ခုတည်းကိုပဲလုပ်တာ၊

နောက်တစ်ခုက အသစ်ပေါ်တာတွေကိုပဲ လိုက်လုပ်တာဖြစ်ပါတယ်လို့” သူကပြောပါတယ်။

သူက Facit ဆိုတဲ့ ကုမ္ပဏီတစ်ခုနဲ့ဥပမာပေးထားပါတယ်။ Facit ဆိုတဲ့ ကုမ္ပဏီဟာ ဆွီဒင်နိုင်ငံက ကုမ္ပဏီတစ်ခုဖြစ်ပြီးတော့အရင်တုန်းက Mechanical Calculator တွေထုတ်လုပ်တာဖြစ်ပါတယ်။ သူတို့ကုမ္ပဏီက ထုတ်တဲ့ Calculator တွေကို တစ်ကမ္ဘာလုံးမှာ အသုံးပြုခဲ့ကြပါတယ်။ နောက်ပိုင်းဒီဂျစ်တယ် Calculator တွေ ပေါ်လာတဲ့အခါမှာ သူတို့က ပြောင်းလဲမှုမပြုလုပ်ဘဲ Mechanical Calculator တွေကိုပဲဆက်ထုတ်နေခဲ့တဲ့အတွက် (၆) လလောက်အတွင်းမှာကုမ္ပဏီပျက်သွားပါတယ်လို့ Knut Haanaes ကပြောထားပါတယ်။ ဗီဒီယိုထဲမှာ Knut Haanaes က Exploration နဲ့ Exploitation နှစ်ခုကို ကုမ္ပဏီတွေအတွက် သေချာရှင်းပြထားပါတယ်။

Exploration ဆိုတာ အသစ်အသစ်တွေကို ရှာဖွေဖန်တီးခြင်းဖြစ်တယ်။ ထုတ်ကုန်တွေ ဆန်းသစ်တီထွင်မှုတွေဖြစ်ပြီး Risk များတဲ့အလုပ်ဖြစ်ပါတယ်။ Risk များပေမယ့် ဒီလိုမျိုးရှာဖွေဖန်တီးမှသာလျှင် အသစ်အသစ်တွေကို တီထွင်ဖန်တီးနိုင်မှာဖြစ်ပါတယ်။ Exploitation ကတော့ ပြောင်းပြန်ဖြစ်ပြီးတော့ ရှိပြီးသား၊ အတတ်ပညာ၊ အသိပညာ၊ ကုန်ပစ္စည်းတွေကို ပိုကောင်းမွန်အောင် အသုံးချတာဖြစ်ပါတယ်။ ကလေးငယ်တွေဟာ နေ့တိုင်း Explor လုပ်ကြပါတယ်၊ အသစ်အသစ်တွေကို စူးစမ်းလေ့လာပါတယ်။ အသက်ကြီးလာတဲ့အခါမှာတော့ ဉာဏ်ပညာရှိတိုးတက်လာပြီဖြစ်တာကြောင့် Explore မလုပ်ကြတော့ဘဲရှိပြီးသားဉာဏ်ပညာကိုအသုံးချ Exploit လုပ်ကြပါတယ်။

ကုမ္ပဏီအများစုလည်း ဒီလိုပဲဖြစ်ပါတယ်။ ကုမ္ပဏီတွေဟာကြီးမားလာပြီး အခြေခိုင်လာကြတဲ့အခါမှာ တီထွင်ဆန်းသစ်မှုတွေ လုပ်ကိုင်ကြတာနည်းပါးလာကြပါတယ်လို့ သူကရှင်းလင်းထားပါတယ်။

### Strategy First Times Crosswords



**Clues - On Weather**

**Across**

1. In winter,a layerof__may fall from the sky
4. When it's__outside,the branches of trees move back and forth
6. The loud sound you hear duringa storm
8. The bright flashes of light you see during a storm

**Down**

1. When it's__outside you might need sunglasses
2. When it's__ outside,you might need an umbrella
3. You need a heavy coat when it's__ outside
4.Slightly hot, but not too much
5. Slightly cold, but not too much
7. In summer, the temperature is usually__

### t&ift ywf Crosswords t ajzrsm;

**Clues - On Television**

**Across**

2. commercial
3. satellite
4. cartoons
6. episode
7. new
10. game
11. talk
12. comedy

**Down**

1. detective
4. cable
5. reality
8. soap
9. drama





# Basic Excel Tutorial 1.5

Zifmv if (Global Link Technology)




ဒီတစ်ပတ်မှာတော့ Workbook တစ်ခုမှာ Data Entry လုပ်ရာ၌ ထည့်ပြီးတဲ့ List အတွင်းမှာ Column (သို့) Row (သို့) Cells ကွက်တွေမှာ Data ထည့်ဖို့ကျန်ခဲ့တာဖြစ်စေ၊ Data တွေ တိုးလာလို့ ထပ်ထည့်ဖို့ လိုအပ်ရင်ဖြစ်စေ မိမိထည့်လိုတဲ့ Data ပေါ်မူတည်ပြီး Column (သို့) Row (သို့) Cells ဟုဆိုကာ ရွေးချယ်ပြီးထည့်နိုင်ပါတယ်။

**Insert Cells**

၁။ မိမိထည့်လိုတဲ့ Cell (သို့) Cell Range မှာ Select မှတ်ပြီး Home tab ရဲ့ Cells Group က Insert Button ကိုနှိပ်ပြီး Insert Cells ကို Click နှိပ်ပါ။

၂။ Insert Dialog Box ကျလာတဲ့အခါ လက်ရှိ Cell ကွက်ကို မိမိရွှေ့လိုတဲ့ Direction နှစ်မျိုးကို ရွေးချယ်ပြီး OK နှိပ်ပါ။

**Insert Rows**

၁။ မိမိထည့်လိုတဲ့ Row ကို Row 5 ရဲ့အပေါ်မှာ ထည့်လိုပါက Row 5 ရဲ့ Row Heading (သို့) Row 5 အတွင်းက Cell မှာ Select မှတ်ပါ။

၂။ Home tab ရဲ့ Cells Group က Insert Button ကိုနှိပ်ပြီး Insert Sheet Rows ကိုရွေးပါ။

အသစ်ထည့်လိုက်တဲ့ Row ကို လက်ရှိ Select မှတ်ထားတဲ့ Row 5 ရဲ့အပေါ်မှာ ထည့်ပေးလိုက်ပါတယ်။ အထက်မှာဖော်ပြပေးထားတဲ့ Insert Rows က Step by Step Instructions အတိုင်းဆောင်ရွက်နိုင်ပါတယ်။

Cell Group ထဲက Delete, Format Button တွေကို နောက်သင်ခန်းစာတွေမှာ ဖော်ပြပေးသွားပါမယ်။ ■

## cuf,jywf,f

အားလုံးပဲ မင်္ဂလာနှစ်သစ်ပါရင်။ သင်္ကြန်တွင်းပိတ်ရက်မှာရော ဘယ်လိုမုန့်တွေ၊ ဟင်းတွေချက်စားဖြစ်ပါသလဲ။ မေသက်ကတော့ သင်္ကြန်ပိတ်ရက်မှာ အစုံပဲ စားဖြစ်ပါတယ်။ အခုအပတ်မှာတော့ မေသက်ရဲ့အကြိုက်ဆုံးဟင်းလျာတွေထဲကတစ်ခုဖြစ်တဲ့ပုစွန်မရောနစ်ဟင်းလျာလေးကို ဖော်ပြပေးပါမယ်။ ပုစွန်မရောနစ်ကတော့ တရုတ်ဟင်းလျာတစ်မျိုးဖြစ်ပြီး ဟိုတယ်က Chinese Buffet တွေမှာတော့ အမြဲပါနေကျ ဟင်းလျာတစ်ခုဖြစ်ပါတယ်။ ပြင်ဆင်ဖို့ အချိန်ပေးရပေမယ့် အရသာကတော့ တကယ်ကောင်းပါတယ်။ ပုစွန်မရောနစ်ချက်ဖို့ အတွက်လိုအပ်တာတွေကတော့ -

အခွံခွာ သန့်စင်ပြီးသား ပုစွန် (၁၇၀ ဂရမ်)
ဆားလက်ဖက်ရည်ဇွန်း တစ်ဝက်
မုန့်ဖုတ် ပေါင်ဒါ လက်ဖက်ရည်ဇွန်းတစ်ဝက်
မရောနစ် ထမင်းစားဇွန်း (၂) ဇွန်း
နွားနို့ ထမင်းစားဇွန်း (၂) ဇွန်း
နာနတ်သီး အတုံးသေး (၁၀) တုံး
နာနတ်သီးဖျော်ရည် ထမင်းစားဇွန်း (၁) ဇွန်း
သံပရာရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်း
မြေပဲဆီ (၅) ဇွန်း
ကြက်ဥအနှစ် (၁) လုံး
ပြောင်းဖူးမှုန့် ထမင်းစားဇွန်း (၂) ဇွန်း
လှော်ပြီးသားနှမ်း ထမင်းစားဇွန်း (၁) ဇွန်း
တို့လိုအပ်ပါတယ်။



ပထမဦးစွာ ပုစွန်များကို ဆေးကြောသန့်စင်ပေးပါ။ ပြီးရင်တော့ ရေခြောက်အောင် Paper Tower (Tissue အထူ) ကိုအသုံးပြုပြီး သုတ်ပေးပါ။ ပြီးရင်တော့ ဆား၊ မုန့်ဖုတ်ပေါင်ဒါမှုန့်နဲ့ ပုစွန်ကို ရောနယ်ပေးပါ။ ရေခဲသေတ္တာထဲမှာ တစ်နာရီလောက်ထားပေးပါ။ (၃) နာရီကျော်ကြာအောင်တော့ မထားမိပါစေနဲ့နော်။ အဲဒီအချိန်မှာ မရောနစ်၊ နွားနို့၊ နာနတ်သီး၊ သံပရာရည်တို့ကို ပန်းကန်လုံးတစ်ခုထဲမှာ ရောမွှေပေးပါ။ ထို့နောက်အဖုံးဖုံးထားပြီးသူ့ကိုလည်း ရေခဲသေတ္တာထဲမှာ တစ်နာရီကျော်လောက်ထားပေးပါ။

တစ်နာရီထားပြီးနောက် ပုစွန်ကို ရေအေးဖြင့်ဆေးချပြီး ရေပိုက်အောက်မှာ (၃) မိနစ်ခန့် ဆားတွေနဲ့မုန့်ဖုတ်ပေါင်ဒါတွေပြောင်စင်အောင် ဆေးပေးပါ။ (ရေစိမ်ပြီး မဆေးပါနဲ့) ပြီးရင်တော့



arouE§

Paper Tower နဲ့ခြောက်အောင်ပြန်သုတ်ပေးပါ။

အသုံးပြုမယ့် မြေပဲဆီကို အပူချိန် (၄၀၀) ဒီဂရီလောက်ထိ အပူပေးထားပါ။ ရေသုတ်ထားတဲ့ပုစွန်တွေကို ပန်းကန်လုံး တစ်ခုထဲထည့်ပြီး ကြက်ဥအနှစ်နဲ့ရောနယ်ပါ။ ပြီးရင် ပြောင်းဖူးမှုန့် ထားကာသမအောင်နယ်ပေးပါ။ နယ်ပြီးသားပုစွန်ကို ဆီပူထဲတွင် ရွှေဝါရောင်သန်းတဲ့အထိ ကြော်ပေးပါ။ ပြီးရင်တော့ စက္ကူခံကာ ပန်းကန်ထဲတွင် ဆီစစ်ထားပေးပါ။

ဆီစစ်ပြီးတဲ့အခါ ရေခဲသေတ္တာထဲမှာ ထည့်ထားတဲ့ မရောနစ်အရောအနှောကိုကြော်ထားတဲ့ ပုစွန်များနဲ့ ရောမွှေပေးပါ။ ပြီးရင်တော့ အပေါ်ကနေ နှမ်းဖြူးပေးလိုက်ပါ။

ချိုစိမ့်အီမွှေးတဲ့ ပုစွန်မရောနစ် ဟင်းလျာ တစ်ခွက်ရပါပြီ။ အားလုံးပဲ အရသာရှိစွာ သုံးဆောင်နိုင်ပါစေ။

Ref: http://cooking.nytimes.com/recipes/2673-sweet-shrimp-with-mayonnaise-sauce

# စံ – ဇာဏီဘို ဟောစာတမ်း

၂၀၁၆ ဧပြီ (၂၅) ရက်နေ့မှ ၂၀၁၆ မေ (၈) ရက်နေ့အထိ



## တနင်္ဂနွေနေ့မွေးသူများ

ယခင်ဆောင်ရွက်ထားသော ကြိုးပမ်းမှုမှုများမှ ကောင်းသော အကျိုးဆက်များ ဖြစ်ပေါ်လာမည်။ အတတ်ပညာနှင့်ပတ်သက်၍ ထွန်းထွန်းပေါက်ပေါက် ဆောင်ရွက်အောင်မြင်ခြင်းရှိမည်။ ကိုယ်ပိုင်အစွမ်းအစထက်မြက်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အလုပ်စာမေးပွဲဖြေဆိုရန်ရှိက ထိပ်တန်းမှ အောင်မြင်ခြင်းကြုံမည်။ တစ်ပါးသူမရိုးသားဆောင်ရွက်ထားသော စာရင်းဇယားများ ဖော်ထုတ်ဖြေရှင်းရမည်။ ယုံကြည်လွှဲအပ်သူ၏ အလွှဲသုံးစား ပြုခြင်းခံရမည်။ကတိပျက်ယွင်းသူများနှင့်ကြုံမည်။ဤကာလအတွင်း – ကံကောင်းစေသောအရောင် – အဝါရောင်၊အပြာရင့်ရောင်၊မီးခိုးရောင်၊အကျိုးပေးဂဏန်း – ၄၊၂၊ ၉၊၀။ ယတြာ – သက်ကြီးရွယ်အိုတို့ကို ဆေးဝါးနှင့် ဓာတ်စာများကို လှူဒါန်းဒါနပြုပါ။

## တနင်္လာနေ့မွေးသူများ



စီးပွားရေးတွင် စိတ်ပင်ပန်း၊ လူပင်ပန်းဆောင်ရွက်ရခြင်းမှ လွတ်ကင်းမည်။ အခက်ခဲဆုံးသော စိန်ခေါ်တိုက်ပွဲများအား ကျော်လွှား အောင်မြင်မည်။ မိတ်ကောင်း၊ ဆွေကောင်း အကူအညီရမည်။ ဆောင်ရွက်သော လုပ်ငန်းမှားမှ အကျိုးအမြတ် ကောင်းရမည်။ အပြောင်းအလဲကြားမှ တက်လမ်းပေါ်မည်။ စိတ်ကူးသစ်နှင့် ဆောင်ရွက်ခြင်းမှ ထူးခြားသောတက်လမ်းများ ဆက်လက်ဖြစ်ပေါ်မည်။ အရပ်ဝေးတိုင်းတစ်ပါးနှင့် ဆက်စပ်သောကိစ္စများမှ ထူးခြားသော အကျိုးဆက်များကို ကိုယ်တိုင်တွင်သော်လည်းကောင်း၊ မိသားစုတွင်သော်လည်းကောင်း ကြုံတွေ့ရမည်။ ခြံ၊ ကား၊ အခန်းအလဲအလှယ် အပြောင်းအလဲရှိသည်။ ဤကာလအတွင်း – ကံကောင်းစေသော အရောင် – နက်ပြာရောင်၊ အပြာရင့်ရောင်၊ မီးခိုးရောင် အကျိုးပေးဂဏန်း – ၀၊ ၄၊ ၈၊ ၉ ယတြာ – အိမ်ရှိ သစ်သားနှင့် ပြုလုပ်ထားသော ပစ္စည်းအဟောင်းအဆွေးများကို ရှာဖွေစွန့်ပစ်ပါ။



## အင်္ဂါနေ့မွေးသူများ

ဖြစ်ပေါ်လာသောအပြောင်းအလဲနှင့်ရည်မှန်းချက်တို့ကိုတစ်သားတည်းကျဆောင်ရွက်၍တိုးတက်မှုများအခိုင်အမာဖြစ်ပေါ်မည်။စိတ်ကူးသစ်၊အကြံဉာဏ်သစ်နှင့်ဦးတည်ချက်သစ်များကိုလက်တွေ့အကောင်အထည်ဖော်နိုင်စွမ်းရှိသည်။ အလုပ်နေရာ၊ နေထိုင်မှုနေရာ အပြောင်းအရွှေ့များ ပေါ်ပေါက်မည်။ ငွေကြေးကိစ္စစကားပြောဆိုရမည်။ စကားအောင်မည်။ ပြည်ပနိုင်ငံရပ်ခြားနှင့် ပတ်သက်သောကံကောင်းခြင်းများ ထပ်ဆင့်ဖြစ်ထွန်းလာမည်။ ရပ်ဝေးမှ ကောင်းသော သတင်းစကားများကြားသိရမည်။ဝေးလံသောအရပ်မှသူများ၏ရေးရာကိစ္စအဖြာဖြာကိုလိုက်လံဆောင်ရွက်ပေးရမည်။ဤကာလအတွင်းကံကောင်းစေသောအရောင် – အစိမ်းရင့်ရောင်၊ အဝါရောင်၊ လိမ္မော်ရောင် ။ အကျိုးပေးဂဏန်း – ၂၊ ၆၊ ၅၊ ၁ ။ ယတြာ – ကြံ့ရည်ဒါနပြုပါ။

## ဗုဒ္ဓဟူးနေ့မွေးသူများ



ဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် ခရီးရောက်မည်။ ငွေကြေးစာရင်းဇယားအရှုပ်အထွေးများ ပတ်သက်နေခြင်းကြားမှလွတ်ကင်းသွားမည်။ တွဲဖက်လုပ်သူတို့၏မရိုးသားမှုကြောင့်စိတ်အနှောင့်အယှက်ရှိမည်။သူတစ်ပါးနှင့်ယှဉ်ပြိုင်သောကိစ္စများတွင်အနိုင်ရမည်။အလုပ်ပိုကိစ္စပိုများကြုံမည်။ကာလအတန်ကြာ ဆိုင်းငံ့ထားသည့် အလုပ်အကြွေးများကို အချိန်တိုအတွင်း တက်သုတ်ရိုက်၍ အပြီးသတ်ဆောင်ရွက်ရခြင်းကြုံရမည်။ ဆိုင်းငံ့ထားသောခရီးကိစ္စများ ပြန်လည်အဆင်ပြေမည်။အစီအစဉ်သစ်နှင့်လုပ်ကိုင်သည့်ကိစ္စများမှအဆင့်မြင့်အောင်မြင်မှုများရရှိမည်။ဤကာလအတွင်းကံကောင်းစေသောအရောင် – နို့နှစ်ရောင်၊ အစိမ်းရောင်၊ နက်ပြာရောင်။ အကျိုးပေးဂဏန်း – ၂၊ ၇၊ ၈၊ ၃။ ယတြာ – ကြွေပန်းကန်ပြားအတွင်း ကြာပန်းပွင့်ကိုထည့်၍ ရေလောင်း၊ ယပ်ခတ်ကာ လိုရာဆန္ဒပြုပါ။



## ကြာသပတေးနေ့မွေးသူများ

တွက်ဆထားသည်ကတစ်မျိုး လက်တွေ့ဖြစ်ပေါ်သည်က တစ်မျိုးကြုံမည်။ ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်သောကိစ္စများမှ အလိုပြည့်စုံခြင်းကိုရမည်။ ကာလအတန်ကြာ ရည်စူးစီမံထားသည့်ကိစ္စတစ်ခု လက်တွေ့ဆောင်ရွက်သောအခါ ရေတိုးမရအခက်ကြုံမည်။ ငွေကြေးကံ၊ စီးပွားကံကောင်းခြင်းနှင့် ထင်ရှားသောတိုးတက်မှုများ ဖြစ်ပေါ်ရရှိမည်။ သူတစ်ပါးအကူအညီနှင့် ကတိစကားတို့အား မျှော်ကိုးယုံကြည်နေမည့်အစား အလိုရှိရာအလုံးစုံကို ကိုယ်တိုင် လက်ငင်းဆောင်ရွက်ခြင်းဖြင့်အဆင့်မြင့်အောင်မြင်မှုများကိုအခိုင်အမာရရှိမည်။ဒီကာလအတွင်းကံကောင်းစေသောအရောင်မိုးပြာရောင်၊နက်ပြာရောင်၊အနီရောင်။ အကျိုးပေးဂဏန်း ၀၊ ၅၊ ၁၊ ၈ ။ ယတြာ – နေအိမ်ရှိအိုးကွဲ၊ အုတ်ခဲအကျိုးများကို ရှာဖွေစွန့်ပစ်ပါ။

## သောကြာနေ့မွေးသူများ



ဆိုင်းငံ့ထားသောလုပ်ငန်းများပြန်လည်ဆောင်ရွက်အဆင်ပြေမည်။လူမျိုးကွဲနှင့်ဆက်စပ်သောလုပ်ငန်းများနှင့်အဆင်ပြေအောင်မြင်မှုများရရှိမည်။အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် ငွေကုန်များမည်။ ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်သောကိစ္စအတွက် အောင်မြင်မှုရရှိမည်။ နှောင့်နှေးခက်ခဲနေသည်များ ပြန်လည်အဆင်ပြေမည်။အရပ်ဝေးနှင့်ဆက်ဆံဆောင်ရွက်သောကိစ္စများမှထူးခြားသောအောင်မြင်မှုများဖြစ်ပေါ်မည်။ငွေကြေးကိစ္စအတွက်ပြောဆိုဆောင်ရွက်ခြင်းများ အောင်မြင်မည်။ ဒီကာလအတွင်း ကံကောင်းစေသောအရောင် – အဝါရောင်၊ အစိမ်းရောင်၊ နက်ပြာရောင်။ အကျိုးပေးဂဏန်း ၁၊ ၃၊ ၅၊ ၆။ ယတြာ – ကြွေပန်းကန်ပြားပေါ်တွင် ငှက်ပျောဖက်ခင်း၍ ကျောက်ကျော (၃) တုံးတင်၍ ဘုရားကပ်လှူပါ



## စနေနေ့မွေးသူများ

အလုပ်အဆင့်တိုးပွားမည်။ ဝင်ငွေတိုးမည်။ ရန်အတိုက်အခံအားလုံးကို ကျော်လွှားနိုင်မည်။ ပိတ်နေသောလမ်းကြောင်းများပြန်ပွင့်မည်။ အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ ငွေကြေးကိစ္စ စကားပြောဆိုမှု အောင်မြင်မည်။ လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ ပျက်နေသောပစ္စည်းများ ထိန်းသိမ်းသုံးစွဲပါ။ မပြင်ရ၊ပြင်ဆင်ကပိုမိုပျက်စီး၍သုံးမရကာအသစ်အစားထိုးဝယ်ရကိန်းရှိမည်။ဝတ်ဆင်သုံးစွဲကိုင်တွယ်နေကျပစ္စည်းများခရီးသွားစဉ်မေ့ကျန်ရာမှပျောက်ရတတ်သည်။ မျက်မှန်ကွဲခြင်း ကိုင်းကျိုးခြင်းဖြစ်ကအလွန်ကောင်းသည်။ အလုပ် ကံကောင်းမည်။ ဒီကာလအတွင်း ကံကောင်းစေသောအရောင် – မီးခိုးရောင်၊ နံ့သာရောင်၊ ရွှေအိုရောင်။ အကျိုးပေးဂဏန်း ၂၊ ၄၊ ၇၊ ၀။ ယတြာ – မြေပဲဆားလှော်ဒါနပြုပါ။

ချမ်းမြေ့မေတ္တာ တုံ့ပြန်ပါသည်။

စံ – ဇာဏီဘို




**LEARN ENGLISH**

သီဟ

# Qualifiers: Business Meeting တွေမှာ ယဉ်ကျေးစွာပြောမယ်

နေ့စဉ် အလုပ်မှာ အင်္ဂလိပ်လိုပြောဆိုဆက်ဆံရတယ်၊ နိုင်ငံခြားသားတွေနဲ့ တွေ့ဆုံဆွေးနွေးရတယ်၊ Business Meeting တွေမှာ ပါဝင်ဆွေးနွေးတဲ့အခါမှာ ပိုမိုအဆင်ပြေချောမွေ့စွာဆွေးနွေးညှိနှိုင်းနိုင်ဖို့အတွက် နည်းလမ်းတချို့ဖော်ပြလိုက်ပါတယ်။ အစည်းအဝေးတွေ၊ ညှိနှိုင်းမှုတွေပြုလုပ်တဲ့အခါ တစ်ဖက်လူရဲ့တင်ပြချက်၊ အကြံဉာဏ်ကို ကိုယ့်ဘက်က လက်ခံနိုင်ဖို့ အဆင်မပြေလို့ငြင်းဆိုတဲ့အခါမှာ တဲ့တိုးမပြောမိစေဖို့နဲ့ ရိုင်းသလိုမဖြစ်စေဖို့ အရေးကြီးပါတယ်။

ကိုယ့်ရဲ့ထင်မြင်ချက်၊ ထောက်ပြချက်ကိုပြုလုပ်တဲ့အခါမှာ တဲ့တိုးပြောဆိုမယ်ဆိုရင် တစ်ဖက်လူအပေါ်မယဉ်ကျေးသလို ဆန့်ကျင်သလိုဖြစ်သွားနိုင်ပါတယ်။

ဥပမာ -

***The price is high.***(ဈေးကြီးတယ်)

***It's a problem.***(ဒီကိစ္စက ပြဿနာပဲ)

***I'll be late.***(ကျွန်တော်နောက်ကျလိမ့်မယ်)

***There might be delays with the delivery.***

(ကုန်ပစ္စည်းတင်ပို့မှုက နှောင့်နှေးနိုင်ပါတယ်)

***We have to make changes.***(ပြောင်းလဲမှုတွေလုပ်ရပါမယ်)

***It's difficult to do.***(ဒီဟာက လုပ်ဖို့ခက်ခဲပါတယ်)

***We will run over budget.***

(အသုံးပြုဖို့သတ်မှတ်ထားတဲ့ ငွေထက်ကျော်လွန်သွားလိမ့်မယ်)

အပေါ်မှာဖော်ပြထားတဲ့စာကြောင်းတွေက ညှိနှိုင်းဆွေးနွေးမှုအတွက် တဲ့တိုးကြီး ဖြစ်နေပါတယ်။ ကိုယ့်ဘက်က ထင်မြင်ချက်ကို ထုတ်ဖော်ပြောပြတာဖြစ်ပေမယ့် မယဉ်ကျေးသလိုဖြစ်စေတာကြောင့် အချေအတင်ဖြစ်နိုင်ပါတယ်။

ဒီလိုပြောဆိုမယ့်အစား Qualifier တွေထည့်ပြောခြင်းက ပြောမယ့်စကားကို ပိုမိုချောမွေ့သွားစေပြီး ယဉ်ကျေးသွားစေပါတယ်။

အသုံးပြုနိုင်တဲ့ Qualifier တချို့ကတော့

a little
a bit
a little bit
slight
slightly
short
small

one or two.

ဒီ Qualifiers တွေကို အပေါ်ကစာကြောင်းတွေမှာထည့်သွင်းတဲ့အခါမှာ

***The price is a little high.*** (ဈေးက နည်းနည်းကြီးပါတယ်)

***It's a slight problem.*** (ဒီကိစ္စက ပြဿနာ အနည်းငယ်ရှိနိုင်ပါတယ်။)

***I'll be a little bit late.*** (ကျွန်တော် အနည်းငယ်လောက် နောက်ကျလိမ့်မယ်)

***There might be one or two short delays with the delivery.***

(ကုန်ပစ္စည်းတင်ပို့မှုက နှောင့်နှေးမှု တစ်ခုနှစ်ခု ရှိနိုင်ပါတယ်)

***We have to make one or two small changes.***

(ပြောင်းလဲမှု တစ်ခုနှစ်ခုလောက် နည်းနည်းလုပ်ရပါမယ်)

***It's a bit difficult to do.*** ( ဒီဟာက လုပ်ဖို့အတွက် အနည်းငယ်ခက်ခဲပါတယ်)

***We might run slightly over budget.***

(အသုံးပြုဖို့သတ်မှတ်ထားတဲ့ငွေထက် အနည်းငယ်ကျော်လွန်သွားနိုင်တယ်)

ဒီလိုမျိုးထည့်သွင်းတဲ့အခါမှာ တစ်ဖက်လူပြောစကားကို လက်မခံတာထက် ညှိနှိုင်းတဲ့သဘောမျိုးဖြစ်သွားစေတာကြောင့် သဘောထားကွဲလွဲပြီး အချေအတင်ဖြစ်မှုမျိုး မဖြစ်နိုင်တော့ပါဘူး။

# သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

# STRATEGY FIRST JOURNAL

YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE



စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

SFJ ဂျာနယ်ကို STRATEGY FIRST INSTITUTE မှ စီစဥ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဥ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

# The STRATEGY FIRST Times



လစဥ်ထုတ် STRATEGY FIRST JOURNAL နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော The STRATEGY FIRST Times တို့မှာ

## ကြော်ငြာများ လက်ခံနေပါပြီ။

#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com